# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# (၂၀)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်
## (၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၅.၇၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးလင်းလင်းဦး(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ သြဂုတ်လ ၂၅ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင် ကျွန်တော် ဦးစိန်ဗိုလ်၊ မြဝတီမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦး ရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၀၈ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၉ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၁ ရက်၊

(၂) ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည် ခွင့် ၁ ရက်၊

(၃) ရေစကြိုမဲဆန္ဒနယ်မှ ဦးတိုးရွှေ(ခ)ဒေါက်တာတင်ဋ္ဌေးအောင် ခွင့် ၂ ရက်၊

(၄) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ခွင့် ၂ ရက်၊

(၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်ဇင်လတ် ခွင့် ၂ ရက်၊

(၆) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၇ ရက်၊

(၇) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၂ ရက်၊

(၈) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်နှင့်

(၉) နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၉ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၉ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၁၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့် ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၁၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ပရဟိတဘုန်းတော်ကြီးကျောင်းများတွင် မှီခိုပညာသင်ကြားနေရသော မိမိနိုင်ငံသား တိုင်းရင်းသား မိဘမဲ့ကလေးငယ်များအား နိုင်ငံသားကတ်စိစစ်ထုတ်ပေးရေးအစီအစဉ်ရှိ/မရှိ သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်မေဝင်းမြင့်(မရမ်းကုန်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ယနေ့ရောက်ရှိနေကြသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်မေဝင်းမြင့် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ ဒီကနေ့ မေးမြန်းလိုတဲ့မေးခွန်းကတော့ ပရဟိတဘုန်းတော်ကြီးကျောင်းများမှာ မှီခိုပြီး ပညာသင်ကြားနေကြရတဲ့ ကျွန်မတို့ရဲ့နိုင်ငံသား တိုင်းရင်းသားမိဘမဲ့ကလေးများကို နိုင်ငံသားကတ်စိစစ်ထုတ်ပေးဖို့ အစီအစဉ်ရှိ/မရှိနှင့် ရှိပါက ဘယ်လိုစီမံဆောင်ရွက်နေတယ်ဆိုတာကို အများပြည်သူသိရှိခွင့်ရအောင်နဲ့ မရှိသေးပါက ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စီမံဆောင်ရွက်ပေးစေလိုတဲ့အတွက် မေးမြန်းရခြင်းပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ နမူနာလောက်တင်ပြရရင် ပဲခူးတိုင်းဒေသကြီး၊ ကျောက်တန်းရွာ ပန်းပျိုးလက်ဘုန်းတော်ကြီးကျောင်းမှာ တိုင်းရင်းသားကလေးများ နှစ်စဉ်ကျောင်းသားကျောင်းသူ ၄၀၀ ခန့်၊ ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်က Yellow Generation Wave (YGW) မိဘမဲ့ ဘ/ကကျောင်းမှာ ရှမ်းပြည်နယ်၊ စစ်ဘေးသင့်ဒေသများမှ ခိုကိုးရာမဲ့ တိုင်းရင်းသားကလေးငယ် ၁၂၀ ကျော်၊ နေပြည်တော်၊ လယ်ဝေးက စမတောင်လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်မှာ ရက်သား၊ လသားအရွယ်ကနေ အထက်တန်းပညာနှင့် အဆင့်မြင့်ပညာသင်ကြားနေသူတွေအထိ ရှိနေပြီး ဘွဲ့ရ ကျား ၄ ဦး၊ မ ၂၀ ဦးနဲ့ ကလေးသူငယ်ပေါင်း ၆၀၀ ကျော်ရှိနေကြပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ မရမ်းကုန်းမြို့နယ်ရှိ ဘ/ကကျောင်းများအနက် ကုမာရ်ရာရာမ မူလွန်ဘုန်းတော်ကြီးပညာသင်ကျောင်းရဲ့ ပဓာန ဆရာတော်ဘဒ္ဒန္တကုမာရ်ရဆရာတော်ကြီးကလည်း မိမိရဲ့ကျောင်းမှာရှိနေတဲ့ မိဘမဲ့ကလေးသူငယ်များဟာ မွေးစာရင်းမရှိတာ၊ သန်းခေါင်စာရင်းမရှိတာတွေကြောင့် အစစအရာရာနိမ့်ကျပြီး နိုင်ငံမဲ့ကလေးများသဖွယ် အခွင့်အရေးဆုံးရှုံးနေရတာကြောင့် အကူအညီပေးပါရန် ကျွန်မထံ မေတ္တာရပ်ခံလာပါတယ်။ နိုင်ငံတော်အနေနဲ့လည်း ယခုအခါမှာ ဘ/ကကျောင်းတွင် ပညာသင်နေသော အ.မ.ကဆရာဆရာမတစ်ဦးကို ၃၆၀၀၀ ကျပ်၊ အ.လ.ကဆရာဆရာမတစ်ဦးကို ၄၁၀၀၀ ကျပ် လစဉ်ထောက်ပံ့ပေးနေခြင်းနှင့် ဘ/ကကျောင်းသားလေးများအပါအဝင်မူလတန်းကျောင်းသား ငါးသန်းကျော်ကို စာရေးကိရိယာနှင့် စာအုပ်တွေထောက်ပံ့ပေးတာကို သိရပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဘ/ကကျောင်း ၁၆၀၀ ကျော်အပါအဝင် မိဘမဲ့ကလေးများကိုစောင့်ရှောက်ထားတဲ့ဌာနတွေမှာ တိုင်းရင်းသားကလေးငယ်တွေ အရေးတကြီးလိုအပ်နေတာကနိုင်ငံသားစိစစ်ရေးကတ်မရရှိတာနဲ့ ဘယ်လိုလုပ်ရမယ်ဆိုတာ မသိတာဖြစ်ပါတယ်။ အရွယ်ရောက်လာကြပြီဖြစ်တဲ့ သူတို့လေးတွေအတွက် လူမှုဘဝရပ်တည်နိုင်ဖို့ အထွေထွေအခက်အခဲများနှင့် အခွင့်အလမ်းဆုံးရှုံးမှုတွေရှိနေကြပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ တည်ဆဲဖြစ်တဲ့ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေအရ မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၈၂၃ ခုနှစ်မတိုင်မီကတည်းက အခြေချနေထိုင်ခဲ့ကြတဲ့ တိုင်းရင်းသားများနှင့် မျိုးနွယ်စုများဟာ နိုင်ငံသားများဖြစ်ကြပြီး တိုင်းရင်းသားမိဘနှစ်ပါးက မွေးဖွားလာသူတိုင်းဟာလည်း မွေးရာပါနိုင်ငံသားများဖြစ်ကြောင်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ကျွန်မတို့ရဲ့နိုင်ငံအတွင်းက ဒီကလေးငယ်တွေဟာ မိဘဆိုတဲ့ ခိုကိုးရာမဲ့နေကြတဲ့ နိုင်ငံသားလေးတွေဖြစ်တာကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ(က)ပါ နိုင်ငံသားတိုင်းသည် ဒီဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ခံစားခွင့်ရှိသည်ဆိုတဲ့ နိုင်ငံတော်ရဲ့အခြေခံမူများအတိုင်း သူတို့လေးတွေဟာ မျှတတဲ့ဘဝရပ်တည်ရှင်သန်မှုအခွင့်အရေးရရှိနိုင်ဖို့ နိုင်ငံသားစိစစ်ရေးကတ်ရရှိရန် အထူးလိုအပ်ချက်ဖြစ်နေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ဒါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ ပရဟိတဘုန်းကြီးကျောင်းများမှာ မှီခိုပြီး ပညာသင်ကြားနေကြတဲ့ ကျွန်မတို့ရဲ့နိုင်ငံသားတိုင်းရင်းသားမိဘမဲ့ကလေးများကို နိုင်ငံသားကတ်စိစစ်ထုတ်ပေးဖို့ အစီအစဉ်ရှိ/မရှိနဲ့ ရှိပါကဘယ်လိုဆောင်ရွက်နေတယ်ဆိုတာကို မြန်မာပြည်တစ်ဝှမ်းရှိ ဘ/ကဆရာတော်များ၊ ပရဟိတအကျိုး

ဆောင်ပုဂ္ဂိုလ်များ၊ ပြည်သူများသိရှိခွင့်ရအောင်နှင့် မရှိသေးပါက ဥပဒေ၊ နည်းဥပဒေနှင့်အညီ စီမံဆောင်ရွက်ပေးစေလိုတဲ့အတွက် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ တက်ရောက်သူများအားလုံး မင်္ဂလာ အပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်း ဒေသကြီး၊ မရမ်းကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်မေဝင်းမြင့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်လို့ ဖြေကြားရမယ်ဆိုရင် ပရဟိတဘုန်းတော်ကြီးကျောင်းများမှာ မှီခို ပညာသင်ကြားနေတဲ့ မိမိနိုင်ငံသား တိုင်းရင်းသား မိဘမဲ့ကလေးငယ်များအား နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးနိုင်ရေးကို ဝန်ကြီးဌာနအနေနဲ့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ဆက်လက်ပြီး လည်း ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဖြေကြားလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်နှင့်ပတ်သက်ပြီးတော့မှ ပိုမိုပြည့်စုံအောင်တင်ပြရမယ်ဆိုရင် ဥက္ကဋ္ဌကြီးခင်ဗျား။ မိဘမဲ့ ဂေဟာ/ကျောင်းများမှာ နေထိုင်တဲ့ တိုင်းရင်းသားမိဘမဲ့ကလေးငယ်များအတွက် အိမ်ထောင်စု လူဦးရေစာရင်းကို ညွှန်ကြားချက်နှင့်အညီ ဂေဟာလိပ်စာ ပရဟိတကျောင်း မိဘမဲ့ကလေးများ စုပေါင်းထုတ်ပေးထားရန်နှင့် အသက်အရွယ်အရ သတ်မှတ်ထားတဲ့ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးနိုင် ရေးအတွက် မိဘအချက်အလက်များ မသိရှိနိုင်သော်လည်း ဥပဒေအရ တိုင်းရင်းသားနှင့် တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူမှန်ကန်ပါက မွေးရာပါနိုင်ငံသားအဖြစ်ထားရှိရန် ဖြေလျှော့ နည်းလမ်းအရ ဖွဲ့စည်းပေးထားတဲ့ဥက္ကဋ္ဌအဖြစ် မြို့နယ် လ.ဝ.က ဦးစီးမှူး၊ အဖွဲ့ဝင်များအဖြစ် မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာနများမှ ကိုယ်စား လှယ်တစ်ဦးစီနှင့် အတွင်းရေးမှူးအဖြစ် သက်ဆိုင်ရာ

ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးပါဝင် တဲ့ မြို့နယ်နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေး လုပ်ငန်းစိစစ်ကြီးကြပ်ရေးအဖွဲ့ (၅)ဦးကော်မတီနဲ့ အောက်ဖော်ပြပါအတိုင်း ဆုံးဖြတ် ဆောင်ရွက် ပေးသွားရန် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ဦးစီးဌာနက လက်အောက်မှာ ရှိတဲ့ ဌာနများကို ညွှန်ကြားထားပြီးဖြစ်ပါတယ်။

ဖခင်အမည်ကိုမသိရှိဘူးဆိုရင် သက်ဆိုင်ရာကျောင်းအုပ် သို့မဟုတ် ကျောင်းအုပ်အမျိုးသမီး ဖြစ်ပါက အမျိုးသားကျောင်းဆရာတစ်ဦးဦးကို မွေးစားဖခင်အဖြစ် နိုင်-၂ ရှိ ဖခင်အမည်တွင် ဖြည့်သွင်းပြီးတော့မှ အမည်နောက်မှ(မွေးစားဖခင်)ဟု ဖော်ပြရန်ဖြစ်ပါတယ်။ နိုင်ငံစိစစ်ရေးကတ်ပြား တွင် ဖခင်အမည်သာဖော်ပြပြီး (မွေးစားဖခင်)ဟု ဖြည့်သွင်းခြင်းမပြုရန်ဖြစ်ပါတယ်။ မိခင်အမည်မသိ ပါကလည်းပဲ နိုင်-၂ မှာ မသိဟုသာဖော်ပြရန်ဖြစ်ပြီးတော့မှ ဘိုးဘွားများကို မသိရင်လည်းပဲ မသိဟုသာ ဖော်ပြသွားရန်ဖြစ်ပါတယ်။ လူမျိုးနှင့်ပတ်သက်ပြီးတော့မှ ဆုံးဖြတ်နိုင်မယ်ဆိုလို့ရှိရင် လူမျိုးအမှန်ကို ဖော်ပြသွားရန်ဖြစ်ပါတယ်။ လူမျိုးအမည်မဆုံးဖြတ်နိုင်ဘူးဆိုရင်လည်းပဲ အုပ်ထိန်းသူ နှင့်မြို့နယ်(၅)ဦး ကော်မတီအဖွဲ့မှစိစစ်ပြီးတော့မှ သတ်မှတ်တဲ့လူမျိုးအမည်ကို ဖော်ပြရန်ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ ပရဟိတဘုန်းတော်ကြီးကျောင်းများမှာ မှီခိုပညာသင်ကြားနေတဲ့ မိမိနိုင်ငံသား တိုင်းရင်းသားမိဘမဲ့ကလေးငယ်များအား နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးမှုနှင့် ပတ်သက်ပြီးတော့မှ အထက်ပါညွှန်ကြားချက်များအတိုင်း၊ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ပေး လျက်ရှိပါတယ်။ ဖခင်အမည်တွင် ဖြည့်သွင်းမှုနှင့်ပတ်သက်ပြီးတော့မှ ဖခင်အမည်အရင်းကိုသိရှိမယ် ဆိုရင် ဖခင်အမည်အရင်း ဖြည့်သွင်းရန်ဖြစ်ပါတယ်။ မသိရှိဘူးဆိုရင်လည်းပဲ ဘုန်းတော်ကြီးပညာသင် ကျောင်းတာဝန်ခံဆရာတော်ရဲ့ ဘွဲ့အမည်ကိုဖြည့်သွင်းပြီးတော့မှ အမည်နောက်မှ (အုပ်ထိန်းသူ)လို့ ကိုယ်ရေးပုံစံ နိုင်-၂ နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများသာ ဖြည့်သွင်းပြီးတော့မှ ဆောင်ရွက်ပေး သွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ အတွက်လည်းပဲ ပရဟိတဘုန်းတော် ကြီးကျောင်းများမှ တိုင်းရင်းသားကလေးငယ်များအတွက် ကျွန်တော်တို့ဌာနအနေနဲ့ ဆက်လက်ပြီး တော့မှ ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ကြောင်းနဲ့ အခက်အခဲများ၊ မပြေလည်မှုများရှိရင်လည်းပဲ ကျွန်တော်တို့နဲ့ ညှိနှိုင်းဆက်သွယ်နိုင်ပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် ဒီပရဟိတ ဘုန်းတော်ကြီးကျောင်းများမှာ မှီခိုသင်ကြားနေတဲ့ မိမိနိုင်ငံသား တိုင်းရင်းသား မိဘမဲ့ကလေး ငယ်များတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးကို လျင်မြန်လွယ်ကူ

**မူကြမ်း**

ချောမွေ့စေရေးအတွက် ဌာနအနေနဲ့ ပူးပေါင်းကူညီဆောင်ရွက်သွားမှာဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့တွင် 66/11 KV 5 MVA ဓာတ်အားခွဲရုံတည်ဆောက်ရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြိုင်မဲဆန္ဒနယ်မှ ဦးအောင်ခင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ခင်ဝင်း(မြိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် မေးခွန်းများဖြေကြားပေးမယ့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တော်ကြီးများ၊ လေ့လာရေးလာရောက်ကြတဲ့ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မြိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဝင်းဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမှာကတော့ ကျွန်တော်တို့မြိုင်မြို့မှာ 66/11 KV 5 MVA ဓာတ်အားခွဲရုံတည်ဆောက်ရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့မှာ 66/11 KV 5 MVA ဓာတ်အားခွဲရုံတည်ဆောက်ဖို့ လွန်ခဲ့သော သုံးနှစ်ခန့်က ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့က မြိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်က ကြယ်ပွင့်မပြမေးခွန်း မေးမြန်းခဲ့ပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ ပြန်လည်ဖြေကြားရာတွင် ဓာတ်အားခွဲရုံမလိုအပ်သေးကြောင်း နောင်တွင် တိုးတက်များပြားလာသောဓာတ်အားသုံးစွဲမှုကိုလိုက်၍ လိုအပ်တဲ့အချိန်တွင် ဝန်အားနိုင်နင်းမှုရှိမည့် ဓာတ်အားခွဲရုံကို စီမံကိန်းလျာထားချက်တွင် ထည့်သွင်းသွားမည်လို့ ဖြေကြားခဲ့ပါတယ်။ ထိုစဉ်က မြိုင်-ကမ္မ 11 KV ဓာတ်အားလိုင်းမှ မီးလင်းကျေးရွာ ကိုးရွာသာရှိပါတယ်။ ယခုအခါ မြိုင်-ကမ္မ 11 KV ဓာတ်အားလိုင်းမှ ကျေးရွာ ၄၅ ရွာထိ ခွဲယူသုံးစွဲနေပါတယ်။ ဒါကြောင့် မြိုင်မြို့ပေါ်တွင် လျှပ်စစ်ဓာတ်အားများ အလွန်ပင်ကျဆင်းနေပါတယ်။ မြို့ပေါ်တွင် ၁၀၀ ဗို့၊ ၉၀ ဗို့လောက်သာ ရှိပါတယ်။ လျှပ်စစ်သုံးပစ္စည်းများ သုံးစွဲ၍မရဖြစ်ရပါတယ်။ ယခုလက်ရှိ ရွာတွင်းမီးတိုင်များ စိုက်ထူပြီး မီးလင်းရန်အသင့်ရှိနေတဲ့ရွာသုံးရွာနဲ့ စီမံကိန်းအရ 11 KV ဓာတ်အားလိုင်းမှ နှစ်မိုင်အတွင်း မီးလင်းကျေးရွာ ရွာ ၂၀ လည်းရှိပါတယ်။ ယခုမီးတိုင်များစိုက်ထူနေကြပါတယ်။ ၁၃ ရွာ ပြီးစီးနေပါပြီ။ ဓာတ်အားခွဲရုံမြေနေရာလည်း ရှိပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလို တိုးတက်များပြားလာတဲ့ ဓာတ်အားသုံးစွဲမှုရှိလာသည်က တစ်ကြောင်း နောင်နှစ်များတွင် စီမံကိန်းအရ မီးလင်းကျေးရွာများရှိ လာမည်ဖြစ်သည်ကတစ်ကြောင်း တို့ကြောင့် ကျွန်တော်တို့ မြိုင်မြို့မှာ 66/11 KV 5 MVA ဓာတ်အားခွဲရုံလိုအပ်နေတာ အမှန်ပဲဖြစ်ပါတယ်။ ထိုသို့လိုအပ်နေတဲ့ဓာတ်အားခွဲရုံကို တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိ။ မရှိသေးလျှင်လည်း မရှိသေးတဲ့အကြောင်းနဲ့ ခွဲရုံမရသေးလျှင်လည်း ဓာတ်အားများပြည့်မီအောင် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဖေဇင်ထွန်း(ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ မြိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဝင်းရဲ့ မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့တွင် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ရန် အစီအစဉ်ရှိ/မရှိကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ကျွန်တော် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်သို့ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ကမ္မဓာတ်အားခွဲရုံမှ (ကမ္မ-မြိုင်ဖီဒါ) ၁၁ ကေဗွီဓာတ်အားလိုင်း ၂၀ မိုင်ခန့်တည်ဆောက်ပြီး ဓာတ်အားဖြန့်ဖြူးပေးထားတာ ဖြစ်ပါတယ်။ ဒါ့အပြင် မြိုင်မြို့နယ်အနီးပတ်ဝန်းကျင် ကျေးရွာပေါင်း ၄၆ ရွာမှလည်း ကိုယ့်အားကိုယ်ကိုးမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ဓာတ်အားရယူလျက်ရှိရာ လက်ရှိစုစုပေါင်းသုံးစွဲသောဝန်အားမှာ ၂.၆ မဂ္ဂါဝပ်ခန့်ရှိပါတယ်။ ဒါပေမဲ့ တိုးတက်လာမယ့် ဓာတ်အားသုံးစွဲသူများအတွက် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဝက်ကျုံးဆည်အနီး ၆၆ ကေဗွီလိုင်း ၂၀ မိုင်၊ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေခွဲရုံတစ်ရုံနဲ့ ကမ္မဓာတ်အားခွဲရုံမှာ ၆၆ ကေဗွီ Outgoing Switch Bay တစ်ခု တည်ဆောက်နိုင်ပါက မြိုင်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၃၂၉ ရွာနဲ့ ရေစကြိုမြို့နယ် အနောက်မြောက်ပိုင်းကျေးရွာများကိုပါ လျှပ်စစ်ဓာတ်အား ဆက်လက်ဖြန့်ဖြူးပေးသွားနိုင်မှာ ဖြစ်ပါတယ်။

**မူကြမ်း**

အထက်မှာဖော်ပြထားတဲ့ ၆၆ ကေဗွီ လိုင်း ၂၀ မိုင်နဲ့ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ခွဲရုံတစ်ရုံ စုစုပေါင်းကုန်ကျစရိတ် ကျပ်သန်းပေါင်း ၃၅၃၉ ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းလျာထားစီစဉ်ခဲ့သော်လည်း ဝန်ကြီးဌာနအလိုက် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း(အသုံးစရိတ်)များ စိစစ်လျှော့ချမှုတွင် လက်ရှိဆောင်ရွက်ဆဲစီမံကိန်းများကိုသာ ဦးစားပေးဆောင်ရွက်နိုင်ရန် စီမံခဲ့ရတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းပါ ဓာတ်အားလိုင်းနှင့် ခွဲရုံအသစ်တည်ဆောက်ခြင်းအတွက် ပါဝင်နိုင်ခဲ့ခြင်းမရှိတော့ပါ။ ဒါပေမဲ့ မြိုင်မြို့နယ်မှာ ၆၆ ကေဗွီလိုင်း ၂၀ မိုင်နဲ့ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ခွဲရုံတစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းတွေကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ထပ်မံထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်းနှင့် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်၊ ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင် မြို့နယ်များတွင် မဟာလျှပ်စစ်ဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်သောင်းရွှေ(ဘူးသီးတောင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ လေ့လာသူများအားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်လိုက်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရွှေ ဖြစ်ပါတယ်။ ယခု ကျွန်တော်မေးမယ့်မေးခွန်းကတော့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၅-၈-၂၀၁၂ ရက်နေ့တွင် ယခင် လွှတ်တော်ကိုယ်စားလှယ်က ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းခဲ့တဲ့အတွက် ကတိကဝတ်ဖြစ်ခဲ့သော်လည်း ပိုက်ဆံရန်ပုံငွေလျာထားသတ်မှတ်ရာမှာ ကန့်သတ်ထားခြင်းခံနေရပါတယ်။ ဒါ့ကြောင့် အစိုးရဝန်ကြီးဌာနအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုကင်းမဲ့ပြီး လစ်လျူရှုထားသလို ဖြစ်နေပါတယ်။ ဘူးသီးတောင်မြို့ပေါ်မှာ လွန်ခဲ့တဲ့နှစ်က လျှပ်စစ်မီးတိုင်စိုက်ထူခြင်းနှင့် လျှပ်စစ်မီးကြိုးသွယ်တန်းခြင်းလုပ်ငန်းကို လုပ်ကိုင်ခဲ့ရာမှာ မီးတိုင်များရဲ့အောက်ခံအုတ်ခုံများမှာ အောက်ခံအုတ်ခုံများ မရှိတဲ့အတွက် ပြိုကျလျက်ရှိပါတယ်။ မီးကြိုးသွယ်တန်းရာမှာလည်း မီတာ box မရှိတဲ့ တချို့အိမ်တွေက တစ်အိမ်ထောင်မှာ ငွေ ၉၀၀၀ ကျပ်နဲ့ ကုမ္ပဏီဝန်ထမ်းတွေနဲ့ EPC ဝန်ထမ်းတွေက ကောက်ခံပြီး

ယူသွားတာတွေရှိပါတယ်။ ဘူးသီးတောင်မြို့နယ်မှာ ယခုအထိ အစိုးရက လောင်စာဆီခွဲတမ်းပေးနေတယ်ဆိုသော်လည်း လျှပ်စစ်မီးတစ်နေ့မှ ၃ နာရီခွဲသာ ရရှိလျက်ရှိပါတယ်။ ဒါကြောင့် ရခိုင်ပြည်နယ်ဟာ သဘာဝဓာတ်ငွေ့ပေါကြွယ်ဝတဲ့ပြည်နယ်တစ်ခုဖြစ်ပါလျက်နဲ့ ယနေ့အထိ လျှပ်စစ်မီးမရရှိသေးတဲ့အပြင် အဆင်းရဲဆုံးပြည်နယ်တစ်ခုအဖြစ် ရပ်တည်လျက်ရှိနေပါတယ်။ သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့နယ်များတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားပေးရန်အစီအစဉ်ရှိ/မရှိနှင့် မရှိပါက အဘယ်ကြောင့်မရှိပါသနည်း၊ ရှိပါက မည်သည့်အချိန်တွင် ပေးမည့်အကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဇေဇင်ထွန်း(ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရွှေရဲ့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့နယ်များမှာ မဟာလျှပ်စစ်ဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ။ မရှိပါက အဘယ်ကြောင့်မရှိပါသနည်း။ ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ရန်စီစဉ်ထားသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော် ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ရခိုင်ပြည်သူများနှင့် ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရခိုင်ပြည်နယ်သို့ မဟာဓာတ်အားလိုင်းစနစ်မှ လျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရန် ဥသျှစ်ပင်-ပုဏ္ဏားကျွန်း ၂၃၀ ကေဗွီမဟာဓာတ်အားလိုင်း ၃၀၉ မိုင်၊ ၂၃၀ ကေဗွီဓာတ်အားခွဲရုံများဖြစ်တဲ့ တောင်ကုတ်၊ ကျောက်ဖြူ၊ အမ်း၊ ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံကြီးလေးရုံကို အိန္ဒိယနိုင်ငံချေးငွေ အမေရိကန်ဒေါ်လာ ၆၄.၀၇ သန်းနှင့် နိုင်ငံတော်ရန်ပုံငွေကျပ် ၃၆.၅ ဘီလီယံနှင့် တည်ဆောက်ခဲ့ပြီးဖြစ်ပါတယ်။

ဒါ့အပြင် ဓာတ်အားဆက်လက်ဖြန့်ဖြူးနိုင်ရန် တောင်ကုတ်ပင်မဓာတ်အားခွဲရုံမှတစ်ဆင့် တောင်ကုတ်(ဘာရေ)-တောင်ကုတ်မြို့ ၆၆ ကေဗွီဓာတ်အားလိုင်း ကိုးမိုင်နှင့် ဓာတ်အားခွဲရုံ၊ တောင်ကုတ်-သံတွဲ ၆၆ ကေဗွီဓာတ်အားလိုင်း ၃၀ မိုင်နှင့် ဓာတ်အားခွဲရုံ၊ တောင်ကုတ်-မအီ ၆၆ ကေဗွီ

ဓာတ်အားလိုင်း ၄၅.၆၅ မိုင်နှင့် ဓာတ်အားခွဲရုံများအားလည်းကောင်း၊ ကျောက်ဖြူပင်မဓာတ်အားခွဲရုံမှ တစ်ဆင့် ကျောက်ဖြူ-ရမ်းဗြဲ ၆၆ ကေဗွီဓာတ်အားလိုင်း ၄၀ မိုင်နှင့် ဓာတ်အားခွဲရုံ၊ ကျောက်ဖြူ(GT)- ကျောက်ဖြူ ၆၆ ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများအားလည်းကောင်း၊ ပုဏ္ဏားကျွန်းပင်မ ဓာတ်အားခွဲရုံမှတစ်ဆင့် ပုဏ္ဏားကျွန်း-စစ်တွေ ၆၆ ကေဗွီ အမှတ်(၁)နှင့် အမှတ်(၂) ဓာတ်အားလိုင်း စုစုပေါင်း ၄၄ မိုင်နှင့် ဓာတ်အားခွဲရုံ၊ ပုဏ္ဏားကျွန်း-မြောက်ဦး ၆၆ ကေဗွီဓာတ်အားလိုင်း ၃၅.၃၇ မိုင်နှင့် ဓာတ်အားခွဲရုံများကိုလည်းကောင်း၊ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာသန်းပေါင်း ၉.၀၉၄ သန်း၊ နိုင်ငံတော်ရန်ပုံငွေကျပ် ၂၁.၅၆ ဘီလီယံနှင့် အကုန်အကျခံတည်ဆောက်ခဲ့ပြီး ဖြစ်ပါတယ်။

ဒါကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ သံတွဲမြို့၊ တောင်ကုတ်မြို့၊ မအီမြို့၊ ကျောက်ဖြူမြို့၊ ရမ်းဗြဲမြို့၊ အမ်းမြို့၊ မြောက်ဦးမြို့၊ ပုဏ္ဏားကျွန်းမြို့၊ စစ်တွေမြို့၊ ကျောက်တော်မြို့နှင့် အနီးပတ်ဝန်းကျင်ဒေသများ အား မဟာဓာတ်အားလိုင်းမှ ၂၀၁၄ ခုနှစ်ကတည်းက ဓာတ်အားဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ရခိုင်ပြည်နယ်အတွင်း လက်ရှိဆောင်ရွက်နေတဲ့စီမံကိန်းများထဲမှ ရက် ၁၀၀ စီမံချက်အတွင်း ထည့်သွင်းဆောင်ရွက်ခဲ့တဲ့ မန်း-အမ်း ၂၃၀ ကေဗွီဓာတ်အားလိုင်း ၆၇ မိုင် မှာ လုပ်ငန်းများဆောင်ရွက်ပြီးဖြစ်တဲ့အတွက် ၂၅-၇-၂၀၁၆ ရက်နေ့တွင်လည်းကောင်း၊ ကျောက်ဖြူ- ကျောက်ဖြူ (SEZ) ၆၆ ကေဗွီ အမှတ်(၁)နှင့် အမှတ်(၂) ဓာတ်အားလိုင်း ၁၀ မိုင်နှင့် ဓာတ်အားခွဲရုံ စီမံ ကိန်းများဟာ ၂၀-၇-၂၀၁၆ ရက်နေ့မှာလည်းကောင်း ဓာတ်အားပို့လွှတ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဆောင်ရွက်ဆဲစီမံကိန်းများမှာ ကျောက်ဖြူ-မဒဲ ၆၆ ကေဗွီ အမှတ်(၁)နှင့် အမှတ်(၂) ဓာတ်အားလိုင်း ၂၈ မိုင်နှင့် ဓာတ်အားခွဲရုံ၊ မြောက်ဦး-မင်းပြား ၆၆ ကေဗွီဓာတ်အားလိုင်း ၂၀ မိုင်နှင့် ဓာတ်အားခွဲရုံ၊ ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော ၆၆ ကေဗွီဓာတ်အားလိုင်း ၇၈ မိုင်နှင့် ဓာတ်အားခွဲရုံ၊ အသုတ်-ဂွ ၆၆ ကေဗွီဓာတ်အားလိုင်း ၆၂ မိုင်နှင့် ဓာတ်အားခွဲရုံတို့ဖြစ်ပါတယ်။

ရခိုင်ပြည်သူများ လျှပ်စစ်မီးရရှိရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ချေးငွေ၊ နိုင်ငံတော်ရန်ပုံငွေမြောက်မြားစွာ အကုန်အကျခံပြီး ဆောင်ရွက်ထားပါတယ်။ ကျန်ရှိနေတဲ့မြို့များ မီးလင်းရေးအတွက် လိုအပ်တဲ့ဓာတ်အားလိုင်းများ၊ ခွဲရုံများကို နိုင်ငံတော်ရဲ့ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဆက်လက်ဆောင်ရွက်နေပါတယ်။ ရခိုင်ပြည်နယ် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော မြို့နယ်များသို့ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန် စီစဉ်ထားရှိပြီးဖြစ်ပါတယ်။ ယင်းစီမံကိန်းအား ၂၃၀ ကေဗွီ ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံမှတစ်ဆင့် ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော ၆၆ ကေဗွီဓာတ်အားလိုင်း ၇၈ မိုင်ခန့်နှင့် ရသေ့တောင်၊ ဘူးသီးတောင်၊

မောင်တော ၆၆ ကေဗွီဓာတ်အားခွဲရုံများ တည်ဆောက်ရန်ဖြစ်ပြီး စီမံကိန်းတန်ဖိုး ကျပ်သန်းပေါင်း ၂၀၃၆၀ ဖြင့် ပြည်တွင်းတိုင်းရင်းသားကုမ္ပဏီဖြစ်တဲ့ Champion Construction Co.,Ltd မှ Turnkey စနစ်ဖြင့် ဆောင်ရွက်သွားရန် ၁၅-၂-၂၀၁၆ ရက်နေ့တွင် စာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါတယ်။ သို့ရာတွင် အဆိုပါစီမံကိန်းများအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေစီမံကိန်းတန်ဖိုးရဲ့ ၂ ရာခိုင်နှုန်းဖြစ်တဲ့ ကျပ် ၃၅၄ သန်းခန့်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေစီမံကိန်းတန်ဖိုးရဲ့ ၃ ရာခိုင်နှုန်း ကျပ် ၆၁၁ သန်းခန့် ကျွန်တော်တို့ ရရှိထားပြီးဖြစ်ပါတယ်။ ကုမ္ပဏီကို Down Payment ကျပ် ၃၅၄ သန်းခန့် ပေးချေထားပြီးဖြစ်ပါတယ်။ ဒီနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှုအနေနဲ့ ဓာတ်အားလိုင်းအူကြောင်းတိုင်းတာခြင်း၊ တာဝါတိုင်ဒီဇိုင်းရေးဆွဲခြင်းနှင့် ပုံစံထုတ်ခြင်း ဓာတ်အားခွဲရုံများအတွက် မြေနေရာရရှိရေးဆောင်ရွက်ခြင်း၊ ခွဲရုံတည်ဆောက်မည့် Layout Plan များရေးဆွဲခြင်းနှင့် ခွဲရုံ၌လိုအပ်တဲ့ပစ္စည်းများ နိုင်ငံခြားမှ မှာယူတင်သွင်းနိုင်ရေး ဆောင်ရွက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နေပါတယ်။ အဆိုပါစီမံကိန်းအတွက် ထပ်မံလိုအပ်တဲ့ ရန်ပုံငွေများကိုတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားသွားမှာဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်ကာ လုပ်ငန်းများကိုပြီးစီးအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စီမံကိန်းရဲ့စာချုပ်အရ ပြီးစီးမယ့်အချိန်ဟာ ၂၀၂၀ ခုနှစ်လို့ သတ်မှတ်ထားပါတယ်။ ဒါ့ကြောင့် ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ မေးမြန်းချက်တွေအပေါ်မှာ ကျွန်တော် ပြည့်ပြည့်စုံစုံဖြေကြားကြီးဖြစ်ပါကြောင်း ပြောကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**သာစည်မြို့နယ် ဝေးလံခေါင်သီသည့် တောင်ပေါ်ဒေသရှိ(၅)မိုင် ပတ်လည်အတွင်း သဘာဝသစ်တောများအား အနီးပတ်ဝန်းကျင် ကျေးရွာများရှိ ဒေသခံပြည်သူများကိုယ်တိုင်ဥပဒေနှင့်အညီ ဝိုင်းဝန်းပူးပေါင်း ကာကွယ်ထိန်းသိမ်းခွင့်ပြုရန် အစီအစဉ်ရှိ/မရှိသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။သာစည်မဲဆန္ဒနယ်က ဦးသန်းစိုးမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သစ်တောနှင့်ပတ်သက်၍ မေးခွန်းတစ်ခု မေးပါမယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ သစ်တောသယံဇာတကြွယ်ဝတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ သစ်တော

သစ်ပင်ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကို နှစ်စဉ်စိုက်ရှေတိုက်စိုးဆိုတဲ့စကားအတိုင်း သစ်တော သစ်ပင်တွေကို အလေးထားထိန်းသိမ်းဖို့လည်း လိုအပ်လျက်ရှိပါတယ်။ ကျွန်တော်တို့ သာစည်မြို့နယ်ရဲ့ ဧရိယာသုံးပုံနှစ်ပုံဟာ ရှမ်းရိုးမတောင်တန်းဖြစ်ပါတယ်။ ကျေးရွာအုပ်စု ၁၀ အုပ်စု၊ ကျေးရွာပေါင်း ၄၀ ခန့်ဟာ တောင်ပေါ်ဒေသ သစ်၊ ဝါးထူထပ်တဲ့နေရာမှာ နေကြတာဖြစ်ပါတယ်။ တောင်ပေါ်ကျေးရွာအများစုဟာ သောက်ရေသုံးရေအတွက် အဆိုပါသစ်တောမှ စုဆောင်းစုပ်ယူ သိမ်းဆည်းထားသော စိမ့်စမ်းရေ၊ သဘာဝရေထွက်များကိုအားကိုးပြီးနေကြရပါတယ်။ သို့သော်လည်း ရာသီဥတုဖောက်ပြန်ခြင်း၊ တောင်ယာမီးရှို့ခုတ်ထွင်ခြင်း၊ မီးသွေးဖုတ်ခြင်း၊ သစ်၊ ဝါးများ စည်းမဲ့ကမ်းမဲ့ခုတ်လှဲခြင်းကြောင့် တချို့ရွာများမှာ သစ်ပင်များမရှိတော့တဲ့အတွက် စိမ့်စမ်းရေများ၊ သဘာဝရေထွက်များ ပျောက်ကွယ်ကုန်ကြောင်းတွေ့ရှိခဲ့ရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်ဝေးလံခေါင်သီသော တောတောင်ထူထပ်တဲ့နေရာမှာ ပေါက်ရောက်နေတဲ့သစ်တောသစ်ပင်များဟာ ယခုအခါမှာလမ်းပန်းဆက်သွယ်ရေးကောင်းမွန်တဲ့အတွက် စည်းမဲ့ကမ်းမဲ့ခုတ်လှဲခြင်းအန္တရာယ်ရှိနေပါတယ်။ အဆိုပါ သစ်တော သစ်ပင်များကိုခုတ်လှဲခြင်းဟာ ဒေသခံများမဟုတ်ဘဲ ရပ်ဝေးမှတရားမဝင်လာရောက်ခုတ်ယူခြင်းဖြစ်ကြောင်းသိရှိရပါတယ်။ သက်ဆိုင်ရာတာဝန်ရှိသူများအနေနဲ့လည်း အမြဲတမ်းစောင့်ကြပ်စစ်ဆေး တားဆီးဖို့အခက်အခဲရှိပါတယ်။ ဒါကိုအခွင့်ကောင်းယူပြီး စည်းမဲ့ကမ်းမဲ့ခုတ်လှဲနေခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ စောင့်ကြပ်ကာကွယ်တားဆီးဖို့ခက်ခဲတဲ့၊ ဝေးလံခေါင်သီတဲ့ သစ်တောသစ်ပင်များကို အနီးပတ်ဝန်းကျင်မှာရှိတဲ့ ဒေသခံပြည်သူတွေပိုင်းဝန်းထိန်းသိမ်းကာကွယ်ခွင့်၊ အစုအဖွဲ့ပိုင်အဖြစ် လွယ်ကူစွာရရှိမှသာ သစ်တောသယံဇာတများမပြုန်းတီးဘဲ သောက်သုံးရေအပါအဝင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဝေးလံခေါင်သီတဲ့ တောင်ပေါ်ဒေသရှိ ငါးမိုင်ပတ်လည်အတွင်း သဘာဝသစ်တောများအား အနီးပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကိုယ်တိုင် ဥပဒေနှင့်အညီဝိုင်းဝန်းပူးပေါင်း ကာကွယ်ထိန်းသိမ်းခွင့်ပြုရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ ပြည်ထောင်စုဝန်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးရဲ့ သာစည်မြို့နယ်တွင် ဝေးလံခေါင်သီသည့် တောင်ပေါ်ဒေသရှိ ငါးမိုင်ပတ်လည်အတွင်း သဘာဝသစ်တောများအား အနီးပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကိုယ်တိုင် ဥပဒေနှင့် အညီဝိုင်းဝန်းပူးပေါင်းကာကွယ် ထိန်းသိမ်းခွင့်ပြုရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းပြီးတော့ ကြယ်ပွင့်ပြ မေးခွန်းကို ကျွန်တော် ဖြေကြားသွားမှာဖြစ်ပါတယ်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနဟာ ၁၉၉၅ ခုနှစ်ကထုတ်ပြန်ထားတဲ့ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများတည်ထောင်ခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်ကြားချက်များအရ သစ်တော ကြိုးဝိုင်းနဲ့ ကြိုးပြင်ကာကွယ်တောအတွင်းမှာ ဒေသခံပြည်သူများ ကိုယ်တိုင်ကိုယ်ကျ သစ်တော စိုက်ခင်းများ စိုက်ပျိုးတည်ထောင်ခြင်းဖြင့် ရရှိလာတဲ့ သစ်၊ တိုင်၊ မျှော၊ ထင်းနှင့် သစ်တောထွက် ပစ္စည်းများမှ ဝင်ငွေရရှိစေပြီးတော့ လူမှုစီးပွားရေးဘဝမြှင့်တင်ပေးရန်၊ ဒေသခံပြည်သူများရဲ့ အခြေခံစားဝတ်နေရေး လိုအပ်ချက်ဖြည့်ဆည်းပေးရန်နဲ့ နေ့စဉ်တွေ့ကြုံနေရတဲ့ လူမှုဘဝ လိုအပ်ချက်များ ဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်များနဲ့ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ခြင်းကို စည်းကမ်းနှင့်အညီခွင့်ပြုပေးလျက်ရှိပါတယ်။

ကျွန်တော့်ကို Power Point နှင့်တင်ပြခွင့်ပြုပါခင်ဗျား။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာညွှန်ကြားချက်(Community Forestry Instruction-CFI) အပိုဒ်(၅)မှာ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများဆောင်ရွက်ရန်အတွက် ပြဋ္ဌာန်းချက်ရှိပါတယ်။ (က) သဘာဝတောများပျက်စီးပြုန်းတီးပြီး သဘာဝအလျောက်ပြန်လည်ဖြစ်ထွန်းရန် ခက်ခဲသော နေရာဒေသများ၊ (ခ) ဒေသလိုအပ်ချက်အတွက် သစ်တောထွက်ပစ္စည်းများနှင့် ဝင်ငွေအခွင့် အလမ်းများ ထောက်ပံ့ပေးနိုင်ရန် အလားအလာရှိတဲ့နေရာဒေသများ၊ (ဂ) ညွှန်ကြားရေးမှူးချုပ်ရဲ့ ခွင့်ပြုချက်နှင့်အညီ သစ်တောဦးစီးဌာန ကတည်ထောင်ခဲ့တဲ့ ကျေးရွာထင်းစိုက်ခင်းများ၊ (ဃ) မြေနှင့်ရေအရင်းအမြစ်များကို ထိန်းသိမ်းရန် လိုအပ်တဲ့ဒေသများမှာ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများလုပ်ကိုင်ရန် သင့်လျော်သည့်နေရာများ၊ (င) အကြောင်းအရင်းတစ်ခုခုကြောင့်

ဒေသခံလူထုက စီမံအုပ်ချုပ်သင့်တဲ့ သဘာဝတောများနဲ့၊ (စ) အစဉ်အလာနဲ့ ဓလေ့ထုံးစံအရ ဒေသခံလူထုက စီမံအုပ်ချုပ်လုပ်ကိုက်လာခဲ့တဲ့ နေရာဒေသများကို ခွင့်ပြုမယ်လို့ အတိအကျ ပြဋ္ဌာန်းဖော်ပြထားပါတယ်ခင်ဗျား။

ထိုနည်းတူပဲ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများဆိုင်ရာ ညွှန်ကြားချက်များ အပိုဒ်(၄)မှာလည်းပဲ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းကိုနေရာနှင့်တကွ ဖော်ပြရမယ်ဆိုရင် (က)ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ၊ သဘာဝနယ်မြေများမှာရှိတဲ့ ကြားခံနယ်မြေများနှင့် အစိုးရက စီမံခန့်ခွဲခွင့်ရှိတဲ့မြေများ၊ (ခ) အစိုးရအဖွဲ့အစည်းများ စီမံခန့်ခွဲသည့်မြေများနှင့် ပုဂ္ဂလိကနှင့်အစိုးရ မဟုတ်သောအဖွဲ့အစည်းများ ပိုင်ဆိုင်တဲ့မြေများမှာ တည်ထောင်နိုင်ကြောင်းကိုလည်း အတိအကျပြဋ္ဌာန်း ညွှန်ကြားထားပါတယ်ခင်ဗျား။ ဒါကြောင့်မို့ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းဆိုင်ရာ ညွှန်ကြားချက်များမှာ သစ်တောများအတွင်း သို့မဟုတ် သစ်တောများအနီး ငါးမိုင်ပတ်လည်အတွင်းမှာ ငါးနှစ်တစ်ဆက်တစ်စပ်တည်း အခြေချနေထိုင်ခဲ့တဲ့ ဒေသခံပြည်သူများ အနက် သစ်တောလုပ်ငန်းကို စိတ်ပါဝင်စားပြီး သစ်တောကိုအမှန်တကယ် မှီခိုအသုံးပြုပြီးတော့ တိုက်ရိုက်အကျိုးသက်ဆိုင်တဲ့ အိမ်ထောင်စုများနှင့် ဖွဲ့စည်းထားတဲ့ အသုံးပြုသူများအဖွဲ့(User Group)များနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းကို ဆောင်ရွက်နိုင်ပါတယ်။ ဒါပေမဲ့လည်းပဲ အစဉ်အလာနှင့် ဓလေ့ထုံးစံအရ ဒေသခံလူထုက စီမံအုပ်ချုပ်လုပ်ကိုင်လာခဲ့တဲ့ သစ်တောများကိုဖြစ်စေ၊ ဒေသအခြေအနေအပေါ် မူတည်ပြီးတော့ ခရိုင်သစ်တောအရာရှိက အတည်ပြုသတ်မှတ်ပေးလျှင်ဖြစ်စေ၊ ခြွင်းချက်အဖြစ် ခုနက တင်ပြခဲ့ တဲ့ အကွာအဝေးနှင့် နေထိုင်ခဲ့တဲ့ အချိန်ကာလကို ထည့်သွင်းစဉ်းစားရန်မလိုပါဘူး။ ကျေးရွာများအနီး (၅)မိုင် ပတ်လည်အတွင်းမှာရှိတဲ့ သစ်တောမြေ သို့မဟုတ် အစိုးရစီမံခန့်ခွဲသောမြေမှာ သဘာဝသစ်တောများကို ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ခြင်းနည်းလမ်းနဲ့ ဒေသခံပြည်သူများ ကိုယ်တိုင်ထိန်းသိမ်းပြုစု ထုတ်ယူသုံးစွဲနိုင်ကြောင်းကို ခွင့်ပြုထားပါတယ်။

ဖော်ပြပါ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်ထုတ်ပြန်ပြီးတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှာရှိတဲ့ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများကို တည်ထောင်ခွင့်ပြုတာမှာ ယခုအခါမှာဆိုလို့ရှိရင် Power Point မှာ တင်ပြထားတဲ့အတိုင်း အစုအဖွဲ့ပိုင် စုစုပေါင်းဟာ ၂၀၄၂ အဖွဲ့၊ အဖွဲ့ဝင်ဦးရေ ၅၄၉၇၂ ဦးနဲ့ ဧရိယာအားဖြင့် ၂၈၂၄၃၇.၂၂ ဧကကို သစ်တောနယ်မြေ၊ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောနှင့် အစိုးရစီမံခန့်ခွဲခွင့်ရှိသောမြေများမှာ

တည်ထောင်ပြီးဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးအတွင်းမှာတော့ Power Point မှာ တင်ပြထားတဲ့အတိုင်း အစုအဖွဲ့ပိုင်များအဖြစ် ၁၇၄ ဖွဲ့၊ (User Group ) လို့ခေါ်တဲ့ အဖွဲ့ဝင်ဦးရေက ၇၆၇၄ ဦးနဲ့ ဧရိယာအားဖြင့် ၁၅၃၆၈.၅၅ ဧကကို တည်ထောင်ခွင့်ပြုထားပြီး ဖြစ်ပါတယ်။ ယခုအခါမှာ ၁၉၉၅ ခုနှစ်က ထုတ်ပြန်ခဲ့တဲ့ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များကို ခေတ်နဲ့စနစ်နဲ့လိုက်လျောညီထွေအောင် နှစ် ၂၀ ကျော်အတွေ့အကြုံအရ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့မှာ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၆) နဲ့ ပြန်လည်ပြီးတော့ ပြင်ဆင်အတည်ပြုခဲ့ပါတယ်။ ဒီနေရာမှာ တင်ပြချင်တာက သစ်တောဦးစီးဌာနက နှစ် ၃၀ ပင်မစီမံကိန်းအရ ၂၀၃၀ ခုနှစ်မှာ မြန်မာနိုင်ငံရဲ့ ၃၀ ရာနှုန်းကို ကြိုးဝိုင်းကာကွယ်တောများနဲ့ဖွဲ့စည်းပါမယ်။ ၁၀ ရာနှုန်းကိုတော့ သဘာဝနယ်မြေများ ဖွဲ့စည်းပါမယ်။ တစ်ဖက်ကလည်းပဲ သစ်တောနယ်မြေများကို တိုးချဲ့ပြီးတော့ဖွဲ့စည်းနေပြီမို့ တစ်ဖက်ကလည်းပဲ လုပ်သားပြည်သူများရဲ့ လိုအပ်ချက်ကိုလည်းပဲ ကျွန်တော်တို့က ခုနကတင်ပြခဲ့တဲ့ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများနဲ့ ပြန်လည်ပြီးတော့ ဖြည့်ဆည်းပေးနေပါတယ်။ ဒီလုပ်ငန်းအားဖြင့်ပြောမယ်ဆိုရင် သားရှေ့အိုးထမ်းတဲ့ လုပ်ငန်းလို့ပြောလို့ရပါတယ်။ တစ်ဖက်ကလည်းပဲ သစ်တောကို ကျွန်တော်တို့ ထိန်းသိမ်းစောင့်ရှောက်သလို တစ်ဖက်ကလည်ပဲ ဒီကျေးရွာသူကျေးရွာသားများရဲ့ လိုအပ်ချက်များကို ဖြည့်ဆည်းပေးပါမယ်။ တစ်နည်းအားဖြင့် win-win-win Satiation ကိုပြောတာပါ။ တစ်ဖက်ကလည်ပဲ သစ်တောတွေ တိုးပွားလာတယ်။ ဒီအထဲမှာနေထိုင်တဲ့ ပြည်သူများကလည်းပဲ သစ်တောများကို မှီခိုပြီးတော့ စီးပွားရေးကောင်းမွန်လာမယ်။ သဘာဝပတ်ဝန်းကျင် တိုးတက်လာမယ်။ ဒါကြောင့်မို့လို့ ဒီလုပ်ငန်းအဖြစ် အင်မတန် သင့်လျော်ပြီးတော့ အခုအတိုင်းပဲ ဆက်လက်ဆောင်ရွက်နေပါမယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမှ သိရှိလိုတဲ့ သာစည်မြို့နယ် ဝေးလံခေါင်သီတဲ့ တောင်ပေါ်ဒေသမှာရှိတဲ့ (၅)မိုင် ပတ်လည်အတွင်းမှာ သဘာဝသစ်တောနယ်မြေများကို အနီးပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကိုယ်တိုင်ဥပဒေနှင့်အညီ ဝိုင်းဝန်းပူးပေါင်း ကာကွယ်ထိန်းသိမ်းခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်ပြီးတော့ ဒေသခံပြည်သူအစု အဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ သတ်မှတ်ခွင့်ပြုနိုင်တဲ့ နေရာဒေသများမှာ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများကို လုပ်ကိုင်ခွင့်ရှိပါကြောင်းနှင့် သစ်တောဦးစီးဌာန အကူအညီနှင့် ဒေသခံပြည်သူများဟာ စနစ်တကျ တည်ထောင်ခွင့်ရှိပါကြောင်းကိုလည်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

**မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့နယ်၏ တောင်ဘက်ခြမ်းတွင်ရှိသော ပန်းညိုကြိုးပြင်ကာကွယ်တော အတွင်းမှ ကျန်ရှိနေသော ကိုင်းမြေနှင့် ဥယျာဉ်ခြံမြေအား မူလလုပ်ကိုင်ခဲ့သော တောင်သူများကို လွှတ်လပ်စွာစိုက်ပျိုးခွင့်ပြုရန်နှင့် ပိုင်ဆိုင်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းနု(မင်းတုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်သန်းနု ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့နယ် တောင်ဘက်ရှိ ကျေးရွာရှစ်ရွာမှ တောင်သူ ၁၄၀၀ ဦးတို့၏ လွန်ခဲ့သော နှစ်ပေါင်းများစွာမှစ၍ ဘိုးဘွား ပိုင်အဆင့်ဆင့် နေထိုင်လုပ်ကိုင်လာခဲ့ကြသော ကျေးရွာများအပါအဝင် လယ်မြေ ၁၀၀၄ ဧက၊ ကိုင်းမြေ ၄၇၁ ဧက၊ ယာမြေ ၁၁၂ ဧက၊ ဥယျာဉ်ခြံမြေ ၆၁ ဧကနှင့် အခြားမြေ ၆၂၆ ဧက အပါအဝင် စုစုပေါင်း ၁၅၇၀၀ ဧကရှိ နယ်မြေအား ၂၀၀၄ ခုနှစ်၊ မတ်လ ၄ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၀၄)ဖြင့် သစ်တောဝန်ကြီးဌာနမှ ပန်းညိုကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာခဲ့ပါ တယ်။ ဒေသခံပြည်သူများ၏ တင်ပြတောင်းဆိုမှုကြောင့် သစ်တောဦးစီးဌာနအပါအဝင် ကြေးတိုင် အဖွဲ့မှ ပြန်လည်စာရင်းကောက်ယူပြီး ပန်းညိုကြိုးပြင်ကာကွယ်တောဧရိယာ သတ်မှတ်ခဲ့စဉ်က လွဲမှား စွာတိုင်းတာခဲ့သဖြင့် ပါဝင်သွားခဲ့သော ရွာရှစ်ရွာ၏ ရွာမြေများနှင့် လယ်မြေများကို ကာကွယ်တော ဧရိယာမှ ပယ်ဖျက်ကြောင်းနှင့် လယ်မြေများကို မူလလုပ်ကိုင်ခဲ့သော တောင်သူများအား ပိုင်ဆိုင်ခွင့် ပြုခဲ့ပြီးဖြစ်ကြောင်း ၂၀၁၃ ခုနှစ်တွင် ကြေညာပြီးဖြစ်ပါတယ်။ သို့သော် ကိုင်းမြေ ၄၇၁ ဧကနှင့် ဥယျာဉ်ခြံမြေ ၆၁ ဧကတို့ကို ကာကွယ်တောဧရိယာအတွင်းမှ ပယ်ဖျက်ခြင်း မရှိသေးပါ။ ယခုအခါ ထိုကာကွယ်တောအတွင်း ကျရောက်နေသောကိုင်းများတွင် သစ်တောဦးစီးဌာနမှ သီးနှံသစ်တော ရောနှောစိုက်ခင်းအဖြစ် နှစ်ရှည်ခံအပင်ကြီးများဖြစ်ကြသော ကျွန်းပင်နှင့် လျှော်ဖြူပင်များကို ကိုင်းများတွင် စိုက်ပျိုးခိုင်းနေပါသဖြင့် ကိုင်းစိုက်တောင်သူများမှာ ထိုနှစ်ရှည်ခံအပင်ကြီးများကို မစိုက် ပျိုးလိုကြပါ။ အဘယ်ကြောင့်ဆိုသော် ကိုင်းများတွင် နှမ်း၊ မြေပဲ၊ ကုလားပဲ၊ စားတော်ပဲ၊ ပဲနှောက်၊ ပဲတီစိမ်း၊ မတ်ပဲ၊ ထောပတ်ပဲ စသည့်ပဲအမျိုးမျိုးနှင့် ခရမ်းချဉ်၊ ငရုတ်၊ ကြက်သွန်၊ အာလူး၊ ဂေါ်ဖီ၊ သခွား၊ ပြောင်း စသည့် ဟင်းသီးဟင်းရွက်ပင်များကိုသာ စိုက်ပျိုးလေ့ရှိပါတယ်။ လယ်မြေတွင် စပါး

တစ်မျိုးကိုသာ စိုက်ပျိုးပြီး ကိုင်းမြေတွင် အထက်ပါသီနှံများကို စိုက်ပျိုးသဖြင့် ကျွန်မတို့တောင်သူများ၏ဆိုရိုးမှာ လယ်ကအဖ၊ ကိုင်းကအမိ လို့ဆိုရိုးရှိပါတယ်။ ဒါကြောင့် သစ်တောဦးစီးဌာနမှ နှစ်ရှည်ခံအပင်ကြီးများဖြစ်သည့် ကျွန်းပင်နှင့် လျှော်ဖြူပင်များမှာ အရိပ်ရသောအပင်များ၊ လောင်းရိပ်ကျသောအပင်များဖြစ်သဖြင့် တောင်သူများမစိုက်ပျိုးလိုကြပါ။ လောင်းရိပ်ကျလျှင် ပဲအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်ပင်များ စိုက်ပျိုး၍မရနိုင်ပါသဖြင့် မိမိတို့ဘိုးဘွားလက်ထက်မှစ၍ ပိုင်ဆိုင်ခွင့်ပုံစံရရှိပြီးဖြစ်သော ကိုင်းများအား မိမိတို့လွတ်လွတ်လပ်လပ် စိုက်ပျိုးနိုင်ရန်အတွက် ပန်းညိုကြိုးပြင်ကာကွယ်တောအတွင်းမှ စွန့်လွှတ်ဖယ်ရှားပေးပါရန် တောင်းဆိုကြခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်မမေးလိုသည်မှာ ပန်းညိုကြိုးပြင်ကာကွယ်တောအတွင်း ကျရောက်နေသော ကိုင်းမြေ ၄၇၁ ဧကနှင့် ဥယျာဉ်ခြံမြေ ၆၁ ဧကအား ပြန်လည်စိစစ်ပြီး မူလလုပ်ကိုင်ခဲ့သော ကိုင်းမြေလုပ်ကိုင်သူနှင့် ဥယျာဉ်ခြံမြေလုပ်ကိုင်သူများထံ အမြန်ဆုံးပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်ကြားပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့ကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုဝန်ကြီးများခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနုရဲ့ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့နယ်၏တောင်ဘက်ခြမ်းမှာရှိတဲ့ ပန်းညိုကြိုးပြင်ကာကွယ်တောအတွင်း ကျန်ရှိနေတဲ့ ကိုင်းမြေနှင့် ဥယျာဉ်ခြံမြေများကို မူလလုပ်ကိုင်ခဲ့တဲ့တောင်သူများကို လွတ်လပ်စွာ စိုက်ပျိုးခွင့်ပြုရန်နှင့် ပိုင်ဆိုင်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းပြီးတော့ ကျွန်တော် ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ စားဝတ်နေရေး၊ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ထိရောက်သိသာစွာဆောင်ရွက်ပေးဖို့အတွက် သစ်တောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများနဲ့ သစ်တောနယ်မြေများအတွင်းမှာ နှစ်ကာလအတိုင်းအတာတစ်ခု တစ်စုံတစ်ရာအထိ တရားမဝင်ကျူးကျော်အခြေချနေထိုင်

တဲ့ ရွာစုနှင့် အိမ်ထောင်စုများကို သစ်တောနယ်မြေမှ ပယ်ဖျက်ပေးရန် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ သစ်တောဦးစီးဌာနတို့ပါဝင်တဲ့ ပူးပေါင်းအဖွဲ့များကနေပြီးတော့ မြေပြင်စာရင်းကောက်လုပ်ငန်းများကို တိုင်းဒေသကြီး/ပြည်နယ်များမှာ ကြီးကြပ်မှုကော်မတီအဆင့်ဆင့်နဲ့ ၂၀-၂-၂၀၁၃ ရက်နေ့ကနေပြီးတော့ ၂၅-၃-၂၀၁၃ ရက်နေ့အထိ ဆောင်ရွက်ခဲ့ပြီးတော့ အဖွဲ့စုံနဲ့ ကောက်ယူရရှိတဲ့စာရင်းများအရ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများမှ ပယ်ဖျက်ခြင်းလုပ်ငန်းအဆင့်များကို အဆင့်(၃)ဆင့်နဲ့ စီမံဆောင်ရွက်လျက်ရှိပါတယ်။

တစ်နိုင်ငံလုံးမှာ စာရင်းကောက်ယူရရှိပြီးတဲ့ ကြိုးဝိုင်း/ကြိုးပြင်တောများမှာ ဆိုလို့ရှိရင်နှစ်ကာလအတန်အကြာ ကျူးကျော်အခြေချနေထိုင်တဲ့ ရွာစု၊ အိမ်စုများနှင့် လယ်၊ ယာ၊ ဥယျာဉ်ခြံမြေ၊ ရွာမြေ၊ သာသနာမြေ၊ အများပိုင်မြေတွေကို သစ်တောမြေအဖြစ်ကနေပြီးတော့ လုပ်ငန်းစဉ်အဆင့်ဆင့်နဲ့ ပယ်ဖျက်ပေးလျက်ရှိပါတယ်။ Power Point တင်ပြခွင့်ပြုပါခင်ဗျား။ ကျေးရွာပေါင်း ၂၈၁၀ ရွာအတွက် လယ်မြေ ၄၁၉၈၆၅.၂၄ ဧကနှင့် ရွာမြေ ၄၂၄၃၀.၈၅ ဧက၊ သာသနာပိုင်မြေ၊ အများမြေ ၄၅၇၅၁.၆၀ ဧက၊ စုစုပေါင်း ၅၀၈၀၄၇.၆၉ ဧကကို သစ်တောမြေအဖြစ်ကနေပြီးတော့ ပယ်ဖျက်ပေးခဲ့ပြီးတော့ ယာမြေကတော့ ၇၁၇၂၃.၀၂ ဧကကို သစ်တောမြေအဖြစ်ကနေပြီးတော့ ပယ်ဖျက်ခြင်းမပြုဘဲနဲ့ သီးနှံသစ်တောရောနှောစိုက်ပျိုးတဲ့ အခြေခံတဲ့ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း တည်ထောင်ခြင်းကို ခွင့်ပြုလျက်ရှိပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော် ခုနကကျွန်တော့်ကို ပထမမေးမြန်းတဲ့ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးရဲ့အဖြေကို ဖြေကြားတဲ့နေရာမှာ ကျွန်တော်ပြည့်စုံစွာဖြေကြားပြီးဖြစ်ပါတယ်။ အဲဒီလို ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ခွင့်ပြုတဲ့နေရာမှာ မြေငှားခ အခမဲ့နဲ့ နှစ်ပေါင်း ၃၀ လုပ်ကိုင်ခွင့်ပြုပြီးတော့ တစ်ဧကကို သစ်တောသစ်ပင် ၁၅၀ ပင်စိုက်ပျိုးခြင်းနှင့်အတူ တောင်သူများကနှစ်သက်ရာ သီးနှံပုံစံနဲ့ စိုက်ပျိုးလုပ်ကိုင်ခွင့်ကို ခွင့်ပြုလျက်ရှိပါတယ်။

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းတုန်းမြို့နယ်ဟာ ဧရိယာအားဖြင့် ၆၃၁၄၁၇ ဧက၊ စတုရန်းမိုင်အားဖြင့် ၉၈၆.၅၉ မိုင်နဲ့ ကြိုးဝိုင်းသစ်တော ခုနစ်ခု၊ ဧရိယာအားဖြင့် ၁၉၅၀၃၀ ဧကနဲ့ ကြိုးပြင်ကာကွယ်တောလေးခု၊ ဧရိယာ ၇၄၉၇၆ ဧက စုစုပေါင်းသစ်တောမြေ ၂၇၀၀၀၆ ဧကရှိပါတယ်။ မင်းတုန်းမြို့နယ်ရဲ့ တောင်ဘက်ခြမ်းမှာရှိတဲ့ ပန်းညိုကြိုးပြင်ကာကွယ်တော်ဟာ

ဧရိယာ ၁၅၇၀၀ ဧကဖြစ်ပြီးတော့ ဒီဝန်ကြီးဌာန ဝန်ကြီးရုံးရဲ့ ၄-၃-၂၀၀၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၇/၂၀၀၄)အရ ဖွဲ့စည်းခဲ့ပါတယ်။

ပန်းညိုကြိုးပြင်ကာကွယ်တောအဖြစ် ဖွဲ့စည်းရန်ရည်ရွယ်ကြောင်းကိုလည်းပဲ ဒီဝန်ကြီးဌာနရဲ့၊ ဝန်ကြီးရုံးရဲ့ ၇-၉-၂၀၀၁ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၆၂/၂၀၀၁)နဲ့ ရည်ရွယ်ကြောင်းအမိန့်ထုတ်ပြန်ကြေညာခဲ့ပါတယ်။ အဆိုပါ ရည်ရွယ်ချက်များအမိန့်ထုတ်ပြန်ပြီးတာနဲ့ ဖွဲ့စည်းမယ့်ဒေသ၊ တည်နေရာ၊ နယ်နိမိတ်များကို ဖော်ပြပြီးတော့ သက်ဆိုင်ရာဒေသမှာနေထိုင်ကြတဲ့ ပြည်သူတွေကို သိရှိစေရန် ကြေးတိုင်ပုံစံအား ထုတ်ပြန်ကြေညာခြင်း၊ ကြေညာချက်တွင် သက်ဆိုင်သူများက တောင်းဆိုလိုတဲ့အခွင့်အရေးများနဲ့ တင်ပြလိုတဲ့ ဆိုင်ရာဆိုင်ခွင့်များကို ကြေညာသည့်ရက်ကစပြီးတော့ ရက်ပေါင်း ၉၀ အတွင်း ကြေးတိုင်အရာရှိထံတင်ပြစေခြင်း၊ ကြေးတိုင်အရာရှိမှတင်ပြလာတဲ့ ဆိုင်ရာဆိုင်ခွင့်တွေကို စိစစ်ပြီးတော့ ကြေးတိုင်ပုံစံ(၂)ကနေ(၅)အထိ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြုစုပြီးတော့ သက်ဆိုင်ရာ မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများရဲ့ ထောက်ခံချက်နှင့် ကြိုးပြင်ကာကွယ်တော ဖွဲ့စည်းနိုင်ရေးအတွက် အဆင့်ဆင့်တင်ပြဆောင်ရွက်ခဲ့တဲ့နေရာမှာ ၂၀၀၄ ခုနှစ်မှာ ပန်းညိုကြိုးပြင်ကာကွယ်တောကို ကျွန်တော်တို့ ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။

၂၀၀၄ ခုနှစ်မှာ ပန်းညိုကြိုးပြင်ကာကွယ်တောဖွဲ့စည်းရာမှာ ကြိုးပြင်ကာကွယ်တောအတွင်း ပါဝင်သွားခဲ့တဲ့ ကျေးရွာရှစ်ရွာမှ ရွာမြေ ၆၂၆ ဧက၊ တောင်သူဦးရေအားဖြင့် ၁၄၀၁ ဦး၊ လယ်မြေ ၁၀၀၄ ဧက၊ ယာမြေ ၁၁၂ ဧက၊ ကိုင်းမြေ ၄၇၁ ဧက၊ ဥယျာဉ်ခြံမြေ ၆၁ ဧက စုစုပေါင်း ၂၂၇၄ ဧကကို ဆိုင်ရာဆိုင်ခွင့်အဖြစ် စိုက်ပျိုးလုပ်ကိုင်ရန်အတွက် ခွင့်ပြုထားပါတယ်။ ပန်းညိုကြိုးပြင်ကာကွယ်တောအတွင်းမှာ ရွာမြေ၊ လယ်မြေ၊ သာသနာမြေ၊ အများပိုင်မြေများကို ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် စာရင်းကောက်ယူရာမှာ ရွာမြေက ၆၀ ဧက၊ လယ်မြေက ၁၀၄၁.၇၇ ဧက၊ ယာမြေက ၁၀၆၅.၁၆ ဧက၊ ဥယျာဉ်ခြံမြေ ၃၃.၁၅ ဧက စုစုပေါင်း ၂၂၀၀.၀၈ ဧကကို စာရင်းကောက်ယူခဲ့ပြီးတော့ ပြည်ထောင်စုဝန်ကြီးရုံးရဲ့ ၂-၁၀-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၆၅/၂၀၁၃)နှင့် ၃၀-၃-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၃၀၈/၂၀၁၅)တို့နဲ့ ရွာမြေ ၆၀ ဧကနှင့် လယ်မြေ ၁၀၄၁.၇၇ ဧက စုစုပေါင်း ၁၁၀၁.၇၇ ဧကကို ကြိုးပြင်ကာကွယ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ယာမြေ ၁၀၆၅.၁၆ ဧကကိုတော့ ကြိုးပြင်ကာကွယ်တောမြေအဖြစ်မှ ပယ်ဖျက်ခြင်းမပြုဘဲနဲ့ သီးနှံသစ်တောရောနှောစိုက်ပျိုးတဲ့စနစ်ကို အခြေခံတဲ့ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများအဖြစ် တည်ထောင်ခွင့်ပြုသွားမှာဖြစ်ပါတယ်။

**မူကြမ်း**

ပန်းညိုကြိုးပြင်ကာကွယ်တောစတင်ဖွဲ့စည်းစဉ်က ဒေသခံပြည်သူများမှ ဆိုင်ရာဆိုင်ခွင့်တောင်းခံခဲ့တဲ့ ကိုင်းမြေ ၄၇၁ ဧကကို ဆိုင်ရာဆိုင်ခွင့်အဖြစ်မှ စိုက်ပျိုးလုပ်ကိုင်စားသောက်ခွင့်ပြုပြီးဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တင်ပြချင်တာက ကျွန်တော်တို့ဟာ သစ်တောမြေအတွင်းမှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ သစ်တောသစ်ပင်ကတော့ စိုက်ရပါမယ်။ တစ်ဧကမှာ ၁၅၀ စိုက်ရမယ်ဆိုပြီးတော့ရှိပါတယ်။ အဲဒီတော့ အခုနက ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့အထဲမှာလည်းပဲ တင်ပြသလိုပါပဲ။ ကျွန်တော်တို့မြန်မာစကားမှာ အဆိုရှိပါတယ်။ မတ်တတ်စာနှင့် တုံးလုံးစာရှိပါတယ်။ မတ်တတ်စာဆိုတာက ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ နှမ်း၊ ပဲ အစရှိတဲ့ဟာတွေကို အခုနက ကိုယ်ကျန်းမာဖို့စိုက်ပျိုး စားသောက်တာဖြစ်ပါတယ်။ တုံးလုံးစာဆိုတာက နှစ်ရှည်သီးနှံပင်တွေ၊ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်အပြင် တခြားသီးနှံပင်၊ နှစ်ရှည်သီးနှံပင်ကြီးများကို စိုက်တာကို ခေါ်ပါတယ်။ အဲဒါကြောင့်မို့လို တစ်ဖက်ကလည်းပဲ သီးနှံသစ်တောအဖြစ် မိမိရဲ့ အဆင်ပြေရာဒေသဆိုင်ရာ သီးနှံပင်များကို စိုက်နိုင်ပါတယ်။ တစ်ဖက်ကလည်းပဲ ကြိုးဝိုင်းအခုနက ကာကွယ်တော်အတွင်းမှာရှိတဲ့အတွက်ကြောင့်မို့လို့ ပြဋ္ဌာန်းထားတဲ့ သစ်တောသစ်ပင်များကို စိုက်ခြင်းအားဖြင့် မိမိအတွက် မတ်တတ်စာကော၊ တုံးလုံးစာကော အဆင်ပြေမှာဖြစ်ပါတယ်။ ပန်းညိုကြိုးပြင်ကာကွယ်တောအတွင်း ကျူးကျော်ဥယျာဉ်ခြံမြေလုပ်ကိုင်သူ ၆၆ ဦးရဲ့ ဥယျာဉ်ခြံမြေ ၃၃.၁၅ ဧကကို သစ်တောဦးစီးဌာနမှ ခွင့်ပြုပေးလျက်ရှိတဲ့လုပ်ထုံးလုပ်နည်းများနှင့်အညီ နှစ်ရှည်မြေငှားစနစ်ဖြင့် ဆက်လက်လုပ်ကိုင်ခွင့်ပြုသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ခင်သန်းနု(မင်းတုန်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင့်။ တစ်ဆက်တစ်စပ်တည်းမေးခွန်းကိုမေးခွင့်ပြုပါ။ ကျွန်မတို့ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့အနေနဲ့ဆိုရင် ယာမြေနဲ့ ကိုင်းမြေနဲ့ မတူပါဘူးရှင်။ ကျွန်မတို့ ယာမြေဆိုတာက ရွှေ့ပြောင်းတောင်ယာ နှမ်းစိုက်ပျိုးပါတယ်။ ကိုင်းမြေဆိုတာ အခုနက ကျွန်မပြောသလိုပဲ သီးနှံမျိုးစုံစိုက်ပျိုးပါတယ်။ အဲဒီသီးနှံမျိုးစုံစိုက်ပျိုးတဲ့ ကိုင်းထဲမှာ အဲဒီနှစ်ရှည်ခံအပင်ကြီးတွေကို စိုက်ပျိုးလိုက်မယ်ဆိုရင် ဘယ်လိုမှ ကိုင်းသီးနှံစိုက်ပျိုးလို့ မရပါဘူး။ အခုဖြစ်နေတာက အဲဒီကိုင်းမြေထဲမှာ နှစ်ရှည်ခံအပင်ကြီးတွေဖြစ်တဲ့ ကျွန်းပင်၊ လျှော်ဖြူပင်တွေကိုတစ်ဧကကို အပင် ၁၅၀ ဆိုတာမျိုး စိုက်ခိုင်းနေပါတယ်။ အဲဒါကို တောင်သူတွေက လုံးဝစိုက်ပျိုးချင်တာမရှိပါဘူး။ အခုနကပြောတဲ့ ရွှေ့ပြောင်းတောင်ယာမျိုးမှာ နှစ်ရှည်ခံအပင်ကြီးတွေကို စိုက်ခိုင်း

တာဆိုရင် သူတို့လက်ခံပါတယ်။ စိုက်ပါတယ်။ နောက်တစ်ခု ကျွန်မမေးချင်တာက ကျွန်မတို့ မင်းတုန်းမြို့ ပြည်သူတွေလည်း သူတို့တော်တော်သဘောမကျတဲ့အချက်ဖြစ်ပါတယ်။ ဘာလဲဆိုတော့ ကျွန်မတို့ အဲဒီရွာတွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀၀ ကျော်က တည်ထောင်ပြီးနေလာကြတဲ့ ရွာတွေ၊ ရွာသူတွေ၊ တောင်သူတွေပဲ ဖြစ်ပါတယ်။ အဲဒါကို ၂၀၀၄ ခုနှစ်မှ ပန်းညိုကာကွယ်တောဆိုပြီးရင် သိမ်းလိုက်တဲ့ ဝန်ကြီးဌာနက ကျူးကျော်ရွာတွေကို ဖယ်ပေးရတယ်ဆိုတဲ့စကားတွေကို လုံးဝမကျေနပ် ပါဘူး။ ကျွန်မတို့က ပြည်သူတွေက၊ နှစ်ပေါင်း ၁၀၀ ကျော်နေခဲ့တဲ့ ပြည်သူတွေက ကျူးကျော်ခဲ့တာ လား။ ၂၀၀၄ ခုနှစ်မှ ပန်းညိုကာကွယ်တောအဖြစ် သိမ်းလိုက်ခဲ့တဲ့ အဲဒီဝန်ကြီးဌာနက ကျူးကျော် တာလားဆိုတာကို ပြည်သူတွေကိုယ်စား မေးမြန်းရခြင်းပဲဖြစ်ပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပြန်လည်ဖြေကြားပေးပါ။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ ။ကျွန်တော်အခုနက ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့အထဲမှာ ကိုင်းမြေလို့ ပါပါ တယ်။ ကိုင်းမြေကတော့ သစ်တောကြိုးဝိုင်းထဲမှာတော့ ကိုင်းမြေအားဖြင့် တကယ်ရှားပါတယ်။ ကိုင်းမြေ ဆိုတာကတော့ ကျွန်တော်သိရသလောက် ချောင်းစပ်၊ ရေစပ်၊ ကမ်းစပ်နားမှာ ရှိပါတယ်။ အကယ်၍ သစ်တောကြိုးဝိုင်းမြေဟာ အဲဒီကမ်းစပ်ထဲမှာ ပါခဲ့လို့ရှိရင်လည်းပဲ ကျွန်တော်အဲဒါကို ပြန်စိစစ်ပေးပါ မယ်။ စိစစ်ပြီးတော့ အခုနက ကိုယ်စားလှယ်တော်ကြီးတင်ပြခဲ့တဲ့၊ မေးမြန်းခဲ့တဲ့ ကိုင်းမြေဆိုတာကို လည်း ကျွန်တော့်ကိုတော့ ဒီအစီအစဉ်ပြီးလို့ရှိရင် နေရာလေးနဲ့ထောက်ပြလို့ရှိရင် ကျွန်တော် သေချာ ရှင်းလင်းတင်ပြလို့ရပါတယ်။ အခုကတော့ ကျွန်တော်အခုနက မြေပုံနဲ့တင်ပြထား ပါတယ်။ အဲဒီမှာများ ထောက်ပြပေးနိုင်ရန် ကျွန်တော်သေချာအတိအကျ ပြောနိုင်ပါတယ်။ အခုနက ကြိုးဝိုင်းအတွင်းမှာ နေထိုင်တဲ့ဟာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်ဖြေကြားရမယ်ဆိုလို့ရှိရင်ကတော့ တချို့နေရာတွေမှာလည်းဘဲ ကြိုးဝိုင်းကြိုးပြင်ဆိုတာ ကြိုးပြင်ကာကွယ်တောဆိုတာက ဒီအများပြည်သူ အခြေမချမီရှိခဲ့သလိုပဲ၊ နိုင်ငံတော်ရဲ့လိုအပ်ချက်အရ အများပြည်သူအကြောင်းအားလျော်စွာ တောင်သူလယ်သမားတွေ အခြေချပြီးမှ ဖွဲ့ရတာလည်းရှိပါတယ်။ သို့သော် ဖွဲ့တဲ့နေရာမှာ အတင်း အကြပ်ဖွဲ့ခြင်းတော့ မရှိပါဘူးခင်ဗျား။ ကျွန်တော် အခုနက တင်ပြထားတဲ့အတိုင်း ဒီမှာ အာဏာပိုင် အဖွဲ့တွေအများကြီးရှိပါတယ်။ အခုနက တင်ပြသလို အဖွဲ့အစည်းအားလုံးကနေပြီးတော့မှ ကြေးတိုင် အဖွဲ့ဖွဲ့ရပါတယ်။ ဖွဲ့လို့ပြီးတော့မှ သွားပြီးတော့ ဒါကို ကျွန်တော်တို့က တိုင်းတာဖြစ်ပါတယ်။ နောက် တစ်ခုကလည်းပဲ ဒီလိုကြိုးပြင်တောတွေ၊ ကြိုးဝိုင်းကာကွယ်တောတွေ၊ ကြိုးဝိုင်း၊ကြိုးပြင် ကာကွယ်

တောတွေ ဖွဲ့တယ်ဆိုတဲ့နေရာမှာ ဘယ်အထိသွားရလဲဆိုတော့ အစိုးရအဖွဲ့ Cabinet အထိသွားပြီး တော့ အတည်ပြုမှသာလျှင် ကျွန်တော်တို့က လုပ်ရပါတယ်။ သစ်တောဦးစီးဌာနတစ်ခုတည်းနဲ့တင် ပြီးတဲ့ကိစ္စမဟုတ်ပါဘူး။ ဒီအတိုင်းပဲ မနေ့က ကျွန်တော်တို့ကနေပြီးတော့ ဖွဲ့စည်းလို့ရတဲ့ ကြိုးဝိုင်း တောနှင့် ကြိုးပြင်ကာကွယ်တောများကိုလည်း ပြန်လည်ဖျက်မယ်ဆိုလို့ရှိရင် အစိုးရအဖွဲ့ Cabinet ကနေ ဖျက်ရပါတယ်။ ဒါကြောင့်မို့ အခုနက ကိုယ်စားလှယ်တော်ကြီး ကျွန်တော်ကို မေးမြန်းတဲ့အထဲမှာ ဒီကျူးကျော်တာနဲ့ပတ်သက်လို့ကတော့ ဒီနေရာမှာ ကြိုးဝိုင်းက ၂၀၀၃ ခုနှစ်မှာတော့ တည်တာ မှန်ပါတယ်။ သို့သော် မိမိရဲ့ ရေမြေတောတောင်ထိန်းသိမ်းမှုအနေအထားအရ ခုနက ဦးသန်းစိုး အဖြေမှာ ကျွန်တော်ဖြေတဲ့အတိုင်းပါပဲ။ သဘာဝရေမြေတောတောင်အရ သစ်တော်ကြိုးဝိုင်းဖွဲ့မှသာ လျှင် အခုဖြစ်ပေါ်နေတဲ့ သဘာဝပျက်စီးနေတဲ့၊ သဘာဝတွေပျက်စီးပြီးတော့ ရေတွေကြီးတယ်၊ မိုးတွေခေါင်တယ်။ ရေတွေလျှံတယ်ဆိုတဲ့ သဘာဝဘေးအန္တရာယ်တွေဟာ သစ်တောသစ်ပင်တွေ မရှိဘူးဆိုပြီးတော့ အများပြည်သူက နေရာတိုင်းမှာ၊ ဂျာနယ်တိုင်းမှာ၊ မီဒီယာတိုင်းမှာ ပြောပါတယ်။ ဒါကြောင့်မို့ ဒီလိုဟာတွေဖြစ်တာ၊ ပျက်တာနည်းအောင်၊ လျော့အောင်ဆိုပြီးတော့ မြန်မာနိုင်ငံတစ်ဝှမ်း မှာ သစ်တောသစ်ပင်တွေကို တတ်နိုင်သမျှ ပြန်လည်စိုက်ပျိုးရခြင်းဖြစ်ပါတယ်။ အခုနက ကိုယ်စားလှယ်တော်ကြီး ကျွန်တော့်ကို မေးတဲ့အထဲမှာပဲ ဒီကြိုးဝိုင်းဟာ အခုနက လုပ်သားပြည်သူများ၊ ကျေးရွာသူကျေးရွာသားများ နေထိုင်တဲ့နေရာပင် ဖြစ်ပင်ဖြစ်ငြားသော်လည်းပဲ သူရဲ့ရေမြေသဘာဝ အလျောက် ဒီလို တည်ထောင်ပေးမှသာလျှင် အခုနက တောတောင်သဘာဝစိမ်းလန်းစိုပြေပြီးတော့ ရေမြေတောတောင်ပျက်စီးခြင်း နည်းပြီးတော့ သဘာဝဘေးအန္တရာယ်တွေ လျော့နည်းတဲ့နေရာမှာ ရွေးချယ်တည်ထောင်တယ်လို့ ကျွန်တော့်အနေနဲ့ ဒီလိုပဲခံယူပါတယ်ခင်ဗျား။ ဒီလိုပဲဖြေကြားအပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများ မေးမြန်း ခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ မေးခွန်းများဖြေကြားပေးတဲ့ ဝန်ကြီးများ ပြန်လည်ထွက်ခွာနိုင်ပါ တယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေး၍ အတည်ပြုရန်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး (၃၈)ရက်မြောက်နေ့ဖြစ်သော ၂-၆-၂၀၁၆ ရက်နေ့မှာ လွှတ်တော်သို့ လက်ခံရရှိကြောင်း အသိပေးပြီး (၄၃)ရက်မြောက်နေ့(၁၀-၆-၂၀၁၆ ရက်နေ့)မှာ ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၄-၆-၂၀၁၆ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် တောင်းခံခဲ့ရာ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းနှင့် ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခ)ဦးတင်သစ်တို့က အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးတဲ့နေရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာ ဖြစ်ပါတယ်။ ယခုပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနဲ့ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းတို့က သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်အချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် သဘောတူသင့်တဲ့ အချက် ၃၀ ကို ဥပဒေကြမ်းကော်မတီက တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ နောင်ချိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဟိန် ဖြစ်ပါတယ်။ ကြွရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး အပါအဝင် အားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်အချက် ၃၀ ကို ဥပဒေကြမ်းကော်မတီမှ အဆိုမတင်သွင်းမီ လွှတ်တော်၌ဖြန့်ဝေထားသော ကန့်လန့်ဖြတ်ဇယားစာမျက်နှာ(၃) ပြင်ဆင်ရန်တင်ပြချက် ကော်လံအောက်တွင်ပါရှိသည့် အမှတ် ၂(ဂ)နှင့် အမှတ် ၂(ဃ)တို့မှာ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ဖြည့်စွက်ရမည့်အစား စာရိုက်မှားယွင်းစွာ ပါဝင်သွားသည့်အတွက် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်အား ဦးစွာပထမ တောင်းပန်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြင်ဆင်ချက်အဆို တင်သွင်းသူ ဦးဖေသန်း၊ မြေပုံမဲဆန္ဒနယ်နှင့် ဦးရည်မွန်(ခ)ဦးတင်သစ်၊ ပုဗ္ဗသီရိမဲဆန္ဒနယ်နှစ်ဦး၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၁-၈-၂၀၁၆ ရက်နေ့တွင်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ၁၉-၈-၂၀၁၆ ရက်နေ့တွင်လည်းကောင်း ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေး၏ သဘောတူ ဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုခဲ့သည့် အချက်များအနက်မှ အောက်ဖော်ပြပါ အချက် ၃၀ ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောတူလက်ခံခဲ့ပါတယ်။ အမှတ်စဉ်(က) အခန်း ၁၊ အခန်း ၁ ခေါင်းစဉ်၊ အပိုဒ် ၁ ၊ အပိုဒ် ၂ ခြေဆင်း၊ အပိုဒ် ၂ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(ဇ)၊ အမှတ်စဉ်(ခ) အခန်း(၃) အပိုဒ် ၄ ခြေဆင်း၊ အပိုဒ် ၄ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)၊ အမှတ်စဉ်(ဂ) အခန်း(၄) အပိုဒ် ၇ ၊ အမှတ်စဉ်(ဃ) အခန်း(၅) အပိုဒ်(၁၀) အပိုဒ်ခွဲ(က)၊ အမျိုးသားလွှတ်တော်၏အတည်ပြုချက်ဖြစ်သည့် အဆိုပြုပြဋ္ဌာန်းချက်

အပိုဒ်(၉) အပိုဒ်ခွဲ(ဃ)ကို ပယ်ဖျက်ခြင်း၊ အပိုဒ်(၁၀) အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဈ)၊ အပိုဒ်(၁၁)ခေါင်းစဉ်၊ အပိုဒ်(၁၁) အပိုဒ်ခွဲ(က)၊ အမှတ်စဉ်(င) အခန်း(၆) အပိုဒ်(၁၄)ခေါင်းစဉ်၊ အပိုဒ်(၁၄) အပိုဒ်ခွဲ(ခ)၊ အမှတ်စဉ်(စ) အခန်း(၈) အပိုဒ်(၂၂)၊ အမျိုးသားလွှတ်တော်၏ အတည်ပြု ချက်ဖြစ်သည့် အဆိုပြုပြင်ဆင်ချက် အပိုဒ်(၂၂)ကို ပယ်ဖျက်ခြင်း၊ အပိုဒ်(၂၇)၊ အပိုဒ်(၂၈)။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူသည့် အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုချက် ၃၀ ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ရန် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါဆိုရင် ဒီမှာ အမှတ်စဉ်(က) အခန်း ၁ က အပိုဒ်(၂) အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ) ပြီးတဲ့အခါမှာ အပိုဒ်ခွဲ(ဂ)နှင့် အပိုဒ်ခွဲ(ဃ) နှစ်ခုတိုးသွားတာပေါ့။ မူလဟာမှာက အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(ဇ)ပဲ ရှိတယ် ဆိုတဲ့အခါကျတော့ အမှတ်စဉ်(က) အခန်း ၁၊ အခန်း ၁ ခေါင်းစဉ်၊ အပိုဒ်(၁)၊ အပိုဒ်(၂)ခေါင်းစဉ်၊ အပိုဒ်(၂)အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ) အဲဒီမှာ အပိုဒ်ခွဲ(ဂ)နှင့် အပိုဒ်ခွဲ(ဃ) နှစ်ခု တိုးသွားတာပေါ့။

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ပါတယ်ခင်ဗျား။ မှန်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များ အနက် အချက်(၃၀)ကို ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ အချက်(၃၀)ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက်မှ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ အချက်(၃၀)ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ထပ်မံပြင်ဆင်ထားသည့် ပြင်ဆင်ချက် ၃၆ ချက် အား တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်တွင်ဖော်ပြခဲ့သည့် ညှိနှိုင်းအစည်းအဝေးများ၏ သဘောတူ ဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန်တင်ပြချက်(၃၆)ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။ ထပ်မံပြင်ဆင်ရန်တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အမှတ်စဉ်(က) အခန်း ဥပဒေခေါင်းစီး၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဆ)၊ အမှတ်စဉ်(ခ) အခန်း(၂)ခေါင်းစဉ် နှင့် အပိုဒ် ၃ ၊ အမှတ်စဉ်(ဂ) အခန်း(၃)၊ အခန်း(၃)ခေါင်းစဉ်၊ အပိုဒ် ၄ အပိုဒ်ခွဲ(စ)၊ အမှတ်စဉ်(ဃ) အခန်း(၄)၊ အခန်း(၄)ခေါင်းစဉ်၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အမှတ်စဉ်(င) အခန်း(၅)၊ အခန်း(၅)ခေါင်းစဉ်၊ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀ ခြေဆင်း၊ အပိုဒ် ၁၀ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၉ အပိုဒ်ခွဲ(ဈ)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၁၀ အပိုဒ်ခွဲ(ည)၊ အပိုဒ် ၁၁ အပိုဒ်ခွဲ(ခ)၊ အသစ်ဖြည့်စွက်ချက်အပိုဒ် ၁၁ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၁၂၊ အမှတ်စဉ်(စ) အခန်း(၆)၊ အခန်း(၆)ခေါင်းစဉ်၊ အပိုဒ် ၁၃ ၊ အပိုဒ် ၁၄ အပိုဒ်ခွဲ(က)၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အမှတ်စဉ်(ဆ) အခန်း(၇)၊ အခန်း(၇)ခေါင်းစဉ်၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀ ၊ အပိုဒ် ၂၁၊ အမှတ်စဉ်(ဇ) အခန်း(၈)၊ အခန်း(၈)ခေါင်းစဉ်၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅ ၊ အသစ်ဖြည့်စွက်ချက်အပိုဒ် ၂၆ ။

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန် တင်ပြချက်(၃၆) ချက်အား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ အမှတ်စဉ်(က) အခန်းက ဥပဒေခေါင်းစီး၊ အဲဒီနောက်မှာ အပိုဒ်(၂) အပိုဒ်ခွဲ(ဂ)နှင့် အပိုဒ်ခွဲ(ဃ)ကို ဖြုတ်လိုက်ပြီ ဖြစ်ပါတယ်။ အပိုဒ်ခွဲ(စ)နှင့် အပိုဒ်ခွဲ(ဆ)ပဲဆက်ယူသွား မယ် ဟုတ်တယ်နော်။

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ မှန်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ထပ်မံပြင်ဆင်ထားတဲ့ ပြင်ဆင်ချက်(၃၆)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ထပ်မံပြင်ဆင်ချက်(၃၆)ချက်သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းထားသော ဥပဒေကြမ်းကော်မတီနှင့် ဦးဖေသန်း၊ မြေပုံမဲဆန္ဒနယ်တို့က ပြင်ဆင်ချက်နှစ်ချက်အား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးမှာ ဖြစ်ပါတယ်။ ယခု စတင်ဆောင်ရွက်ပါ့မယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၁၀ အပိုဒ်ခွဲ(ဆ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ရန်အဆိုတင်သွင်းခဲ့သော အပိုဒ် ၁၀ အပိုဒ်ခွဲ (ဆ)မှာ စာမျက်နှာ ၁၁ အပိုဒ်ခွဲ(ဆ) ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ၏ အဆိုပြုချက်မှာ အပိုဒ်ခွဲ (ဆ) ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုရာတွင် လက်ကိုင်အသံချဲ့စက်မှအပ အခြားအသံချဲ့စက် များ အသုံးပြုခြင်းသော်လည်းကောင်း၊ အသိပေးတင်ပြထားသော ကြွေးကြော်သံများမှအပ အခြား ကြွေးကြော်ခြင်းနှင့် အော်ဟစ်ခြင်းသော်လည်းကောင်းမပြုရ။ လက်ကိုင်အသံချဲ့စက်ကို အသုံးပြုခြင်း သည် လုံလောက်မှုရှိပြီး စွမ်းအင်မြင့်အသံချဲ့စက်များကို အသုံးပြုပါက ပတ်ဝန်းကျင်ရှိ အခြား နိုင်ငံသားများ၏ အခွင့်အရေးများကို ချိုးဖောက်ရာ ရောက်စေသည့်အပြင် မခံရပ်နိုင်လောက်အောင် အသံညစ်ညမ်းမှု မဖြစ်စေလိုသော ကြောင့်ဖြစ်ပါသည်။ တင်ပြထားသောကြွေးကြော်သံများမှအပ အခြား ကြွေးကြော်သံများ ကြွေးကြော်ခြင်း မပြုရဟုသတ်မှတ်ခြင်းမှာ မလိုလားအပ်သော အန္တရာယ်များ ကိုဖိတ်ခေါ်သည့် ဆဲရေးတိုင်းထွာမှုများ၊

နားမခံသာဖွယ် ညစ်ညမ်းသောစကားသံများ ပါဝင်စွက်ဖက် မှုများလာပါက ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း၏အနှစ်သာရများ ပျောက်ကွယ်သွားအောင် ဆောင်ရွက်သွားမည်ကို စိုးရိမ်သောကြောင့်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၀ အပိုဒ်ခွဲ(ဆ)နှင့်စပ်လျဥ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းကို ဖိတ်ခေါ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီ အပိုဒ် ၁၀ အပိုဒ်ခွဲ(ဆ)နှင့်ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်နဲ့ အနည်းငယ်ကွဲလွဲတာရှိပါတယ်။ အဲဒီမှာ ကျွန်တော်အဆိုတင်သွင်းတာကတော့ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုရာတွင် အသိပေးတင်ပြထားသော ကြွေးကြော်သံများမှအပ အခြားကြွေးကြော်သံများကို အော်ဟစ်ခြင်းမပြုရဆိုတဲ့အပိုဒ်ကတော့ တူပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဒီမှာ လက်ကိုင်အသံချဲ့စက်မှအပ အခြားအသံချဲ့စက်များကို သုံးစွဲခြင်းသော်လည်းကောင်းဆိုတဲ့ကိစ္စမှာတော့ ကျွန်တော့်အနေနဲ့ အသံချဲ့စက်ကို အသုံးပြုချင်တဲ့အတွက် အဲဒီလက်ကိုင်အသံချဲ့စက်မှအပဆိုတာကို ကျွန်တော်က ပယ်ဖျက်ထားခဲ့ရခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်ကို အကြောင်းပြချက်ကတော့ လက်ကိုင်အသံချဲ့စက်အသုံးပြုခြင်းအားဖြင့် ဒီငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းနှင့် စုဝေးခြင်းအတွက် လုံလောက်တယ်ဆိုတာ တစ်ချက်ပါပါတယ်။ ဒုတိယတစ်ချက်က တခြားနိုင်ငံသားတွေအတွက် အနှောင့်အယှက်ဖြစ်တယ်။ ဒီလော်စပီကာတွေသုံးခြင်းအားဖြင့် ဆိုတဲ့အချက်ပါပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့တင်ပြရမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံသားများရဲ့ မူလအခွင့်အရေးနှင့်တာဝန်များ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) ပုဒ်မ ၃၅၄ ပုဒ်မခွဲ(ခ)မှာ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုတဲ့ဥပဒေကို ငြိမ်းစုစီလို့ခေါ်တဲ့ဥပဒေကို ကျွန်တော်တို့ရေးဆွဲခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၅/၂၀၁၁)နဲ့ ရေးဆွဲခဲ့တာဖြစ်ပါတယ်။ ဒါဟာဘာလဲဆိုရင် နိုင်ငံသားတွေရဲ့အခွင့်အရေးကို၊ သူတို့ရဲ့ခံစားချက်တွေကို ပြည်သူတွေသိအောင်၊ အစိုးရတွေသိအောင်၊ ပြုပြင်တာကို ပြုပြင်နိုင်အောင်ဆိုပြီးတော့ နိုင်ငံသားတွေကို ပေးခဲ့တဲ့အခွင့်အရေးဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ပြည်သူတွေလည်းသိဖို့လိုပါတယ်။ နိုင်ငံတော်အစိုးရကလည်း သိဖို့လိုပါတယ်။ တစ်ခါတစ်ခါမှာ ကျွန်တော်တို့ ဒီဆန္ဒဖော်ထုတ်တာတွေကို နိုင်ငံတော်ကိုပဲ အတိုက်အခံလုပ်တယ်ဆိုတဲ့အမြင်မျိုး အရင်တုန်းကရှိခဲ့ပါတယ်။ တကယ်တော့ ဒါဟာ နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ကြတာပဲဖြစ်ပါတယ်။ ဒါမှ ပြည်သူရဲ့အသံကို နိုင်ငံတော်ကသိမှ ပြည်သူ့အသံကိုလည်း

ပြည်သူအချင်းချင်းနားလည်မှု ဒါဟာ တကယ်တမ်း ဒါဟာဟုတ်တယ်။ ဒါဟာလုပ်သင့်တယ်ဆိုတာကို နိုင်ငံတော်တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေက လက်ခံစဉ်းစားပြီးတော့ ဆုံးဖြတ်နိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် ပြည်သူ့အသံကြားဖို့ရာဆိုရင် Hand Speaker အဲဒါလောက်နဲ့မလုံလောက်ပါဘူး။ အနှောင့်အယှက်ဖြစ်တယ်ဆိုတဲ့စကားကလည်း ကျွန်တော်တို့အတွက် လက်တွေ့မကျဘူးလို့ ကျွန်တော် ပြောချင်ပါတယ်။ ဘာလို့လဲဆိုတော့ အားလုံးသိကြတဲ့အတိုင်းပါပဲ။ ကျွန်တော်တို့ မြို့ထဲ၊ ရွာထဲ၊ ရပ်ထဲမှာ တစ်နှစ်တစ်နှစ် အလှူခံပေါင်းမြောက်မြားစွာရှိပါတယ်။ ဘာသာရေး၊ သာသနာရေး၊ ကျောင်းရေးကန်ရေးနဲ့ ကြော်ငြာတွေအမျိုးမျိုးပါ။ အဖွဲ့အစည်းတွေက ထပ်နေအောင်ရှိပါတယ်။ ဘယ်သူမှ အနှောင့်အယှက်ဖြစ်တယ်လို့ မခံစားရပါဘူး။ ဒါတွေဟာ အသံချဲ့စက်ဥပဒေနဲ့ လုပ်တာလည်းရှိမယ်။ ဥပဒေမဲ့လုပ်တာလည်းရှိမယ်။ ဒါပေမဲ့ နေ့တိုင်းကိုဖြစ်နေတဲ့ကိစ္စပါ။ ဒါပေမဲ့ ကျွန်တော်တို့စိတ်ထဲမှာ အနှောင့်အယှက်ဖြစ်တယ်လို့ မခံစားရပါဘူး။ ခံစားချင်ရင်တောင်မှ ကျွန်တော်တို့ခွင့်လွှတ်နိုင်တဲ့ အပိုင်းရှိပါတယ်။ ဒါက ကျွန်တော်တို့ နိုင်ငံတော်ကို တည်ဆောက်နေတာပါ။ နိုင်ငံတော်ကို တည်ဆောက်တဲ့အပိုင်းမှာ ဒါကို နားပူနားဆာဖြစ်တယ်၊ အနှောင့်အယှက်ဖြစ်တယ်ဆိုတဲ့စကားနဲ့ မငြင်းပယ်သင့်ပါဘူး။ အဲဒီတော့ တကယ်တမ်းလုံလောက်ရဲ့လား။ ဥပဒေနဲ့အညီ သုံးမယ်ဆိုရင်လည်း သုံးမှာပေါ့။ အထူးသဖြင့် စီတန်းလှည့်လည်ခြင်းသွားတဲ့နေရာမှာ Hand Speaker တွေကို ကျွန်တော်တို့က အကွက်လိုက်အကွက်လိုက် များများသုံးလို့ရပါတယ်။ အဲဒီနေရာမှာတောင်မှ သိပ်ပြီးတော့ အဆင်ချောနိုင်ပေမယ့် စုဝေးဆန္ဒဖော်ထုတ်တဲ့အခါမှာ တစ်ခါတစ်ခါ အစိုးရကိုထောက်ပြပြီးတော့ မကျေနပ်တာကို ပြည်သူတွေက ရင်ဖွင့်တာရှိတယ်။ တစ်ခါတစ်ခါကျတော့လည်း အစိုးရရဲ့လုပ်ဆောင်ချက်တွေအပေါ်မှာ ပြည်သူတွေကြိုဆိုထောက်ခံမှုတွေရှိပါတယ်။ ထောင်နဲ့သောင်းနဲ့ချီပြီးတော့ ရှိနိုင်ပါတယ်။ အဲဒီလိုပွဲတွေမှာ အရင်ကဆိုရင် လော်စပီကာနှစ်ခု၊ သုံးခု၊ လေးခု အဲဒီလိုအများကြီးဖွင့်ကြပါတယ်။ အဲဒါမှလည်း အဲဒီပွဲကိုထိန်းနိုင်မှာဖြစ်ပါတယ်။ Hand Speaker လေးနဲ့သွားပြီးတော့ လူသောင်းနဲ့ချီတဲ့ပွဲကိုထိန်းဖို့ဆိုတာ မလွယ်ပါဘူး။ ရှေ့ကပြောရင် နောက်ကတစ်မျိုးပြောရင်လည်း ရမယ်။ အဲဒီပွဲကိုလုံးဝထိန်းနိုင်မယ့် အခြေအနေမရှိပါဘူး။ တကယ်တမ်းလုပ်သင့်တာက ကျွန်တော်တို့က ကျယ်ကျယ်ဝန်းဝန်းနဲ့ အကုန်လုံးနားလည်နိုင်တဲ့ အဲဒီလိုအင်အားများတဲ့ဒီပွဲမျိုးကိုကျတော့ တကယ့်လော်စပီကာတွေကို သုံးသင့်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့က ဒီ Hand Speaker ဟာ တော်တော့်ကို အဲဒီပွဲမျိုးမှာဆိုရင် ရုပ်ပျက်ပါတယ်။ ဒါ Hand Speaker ရဲ့လုပ်ဆောင်ချက်တွေက အားနည်းပါတယ်။ အသံလည်းတိုးပါတယ်။ တချို့ ရထားတွေ၊ ဘက်စ်ကားတွေပေါ်မှာ ဆေးကြော်ငြာ

တွေ၊ လျက်ဆားရောင်းတဲ့နေရာတွေမှာပဲ အသုံးများပါတယ်။ ထီရောင်းတဲ့နေရာမှာ အသုံးများပါတယ်။ အဲဒီနေရာမှာလုံလောက်ပေမယ့် ဒီလိုပွဲကြီးပွဲကောင်းမျိုးမှာမှ ကျွန်တော်တို့ အမြင်မတော်ဆင်တော်နှင့် ခလောက် ဆင်တော်ကိုခလောက်ဆွဲပေးနေသလိုဖြစ်တယ်။ ဒါကြောင့် မထိရောက်ပါဘူး။ ကျွန်တော်တို့ ထိထိရောက်ရောက်လုပ်နိုင်မယ်ဆိုရင် ဒီလက်ကိုင်အသံချဲ့စက်တွေအစား ဒီအသံချဲ့စက် လော်စပီကာတွေကို သုံးခြင်းအားဖြင့် ကျွန်တော်တို့ ပိုပြီးတော့ အကျိုးပြုနိုင်ပါတယ်။ ပြည်သူတွေအတွက်လည်း အနှောင့်အယှက်မဖြစ်ပါဘူး။ ဒါကြောင့် ကျွန်တော်တို့ တကယ်တမ်း လက်တွေ့လုပ်လာတဲ့အခါမှာ နိုင်ငံတော်အတွက် လိုအပ်တဲ့အခါကလည်း အများကြီးရှိပါလိမ့်မယ်။ နိုင်ငံတော်ကို ထောက်ပြတဲ့အခါလည်းရှိသလို၊ နိုင်ငံတော်ကို ကြိုဆိုတဲ့အခါလည်းရှိပါလိမ့်မယ်။ အဲဒီတော့ ခုနက Hand Speaker တစ်လုံးလောက်နဲ့တော့ အဲဒီပြောတဲ့သူဟာ ဘယ်လိုမှ အဲဒီပွဲကို အသံကိုထိန်းနိုင်မှာမဟုတ်ပါဘူး။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ ဒါဟာလက်တွေ့ဆန်ပြီးတော့ တကယ့်ပြည်သူတွေ သိနိုင်အောင်၊ အစိုးရမင်းများသိနိုင်အောင် တိုင်းပြည်အတွက်လိုအပ်တယ်၊ တိုင်းပြည်ကို အနှောင့်အယှက်ပေးတာမဟုတ်ဘူး။ တိုင်းပြည်ကို ပြုပြင်နေတာ၊ ထိန်းညှိပေးနေတာဖြစ်တဲ့အတွက် ဒီနေရာမျိုးမှာ Hand Speaker အစား လော်စပီကာတွေကို သုံးခြင်းအားဖြင့် ဘယ်သူ့အတွက်မှလည်း အနှောင့်အယှက်မဖြစ်တဲ့အပြင် ပိုပြီးတော့အောင်မြင်တဲ့ ဆန္ဒထုတ်ဖော်မှုတွေ၊ စုရုံးပြောဆိုမှုတွေဖြစ်ပါလိမ့်မယ်လို့ ထင်မြင်ယူဆတဲ့အတွက်နဲ့ ကျွန်တော့်အနေနဲ့ ဒါကို Hand Speaker(လက်ကိုင်အသံချဲ့စက်)မှအပဆိုတဲ့ စကားလုံးကိုဖြုတ်ပြီးတော့ အကုန်လုံးသုံးနိုင်အောင်ဆိုတဲ့ရည်ရွယ်ချက်နဲ့ ဖြုတ်ပြီးတော့ ပြန်ပြီးပြင်ဆင်တင်ပြခြင်းဖြစ်ပါတယ်။ လက်ခံစဉ်းစားနိုင်ဖို့ လွှတ်တော်ကို တင်ပြပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ အခုဆွေးနွေးခဲ့တဲ့ သဘောထားကွဲလွဲချက်အဆိုနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပြင်ဆင်ခဲ့တဲ့ ဥပဒေကြမ်းနှင့်ပတ်သက်ပြီး မူရင်းဥပဒေမှာ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတွေနဲ့စပ်လျဉ်းပြီး ဆန္ဒဖော်ထုတ်လိုတဲ့သူတွေဟာ ယခင်ကတော့ မြို့နယ်ရဲတပ်ဖွဲ့မှူးထံမှာ ငါးရက်ကြိုတင် ခွင့်ပြုချက်

လျှောက်ထားရမှာဖြစ်ပါတယ်။ သို့သော်လည်း ယခုဥပဒေကြမ်းမှာတော့ ၄၈ နာရီကြိုတင်ပြီးတော့ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးထံ စာဖြင့်အသိပေးတင်ပြခြင်းကို ပြင်ဆင်ထားတဲ့အတွက် အသိပေး တင်ပြပြီးတာနဲ့ ဆန္ဒဖော်ထုတ်ခွင့်ရရှိကြမှာဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ဥပဒေကြမ်းကို ပြင်ဆင်ဖြည့်စွက်တဲ့အခါမှာ ၄၈ နာရီကြိုတင်အသိပေးတင်ပြရန် ပြင်ဆင်ထားတဲ့အတွက် ဆန္ဒဖော် ထုတ်လိုသူတွေဟာ တစ်ဖွဲ့ထက်ပိုပြီးတော့ တစ်ချိန်တည်း၊ တစ်နေရာတည်းမှာ ဆန္ဒဖော်ထုတ်လိုမှု တွေနဲ့ ဖြစ်ပေါ်လာနိုင်တယ်လို့ သုံးသပ်တွေ့ရှိထားပါတယ်။ ဒါကြောင့်လည်း ဥပဒေကြမ်းရေးဆွဲ တင်ပြရာမှာ မြို့နယ်ရဲတပ်ဖွဲ့မှူးဟာ တစ်နေရာတည်း၊ တစ်ချိန်တည်းမှာ တစ်ဖွဲ့ထက်ပိုသောအဖွဲ့များမှ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတွေကို ပြုလုပ်ဆောင်ရွက်ရန် အသိပေး တင်ပြလာတယ်ဆိုရင် ဦးဆောင်သူများနှင့် ဆွေးနွေးညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးဖို့လည်း ဥပဒေကြမ်းတွင် ထပ်မံဖြည့်စွက်ထားကြောင်း သိရှိရပါတယ်။ ဒါကြောင့် ယခုပြင်ဆင်လိုက်တဲ့ ဥပဒေကြမ်းပါအချက်တွေအရက တစ်နေရာတည်းမှာ၊ တစ်ချိန်တည်းမှာ ဆန္ဒဖော်ထုတ်မှုတွေလည်း ရှိလာနိုင်တဲ့အပြင် ဆန္ဒဖော်ထုတ်မှုတွေလည်း ပိုမိုတိုးများလာနိုင်တယ်လို့ ကျွန်တော့်အနေနဲ့ သုံးသပ် တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုဆန္ဒဖော်ထုတ်မှုတွေဟာ တစ်နေရာတည်းမဟုတ်သော်လည်းပဲ နေရာနီးကပ်စွာဆန္ဒဖော်ထုတ်မှု တွေလည်း ရှိလာနိုင်တဲ့အတွက် ကျွန်တော်တို့ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်မှာပါတဲ့ လက်ကိုင်အသံချဲ့စက်မှအပဆိုတဲ့ ဒီစကားရပ်ဟာ ထည့်သွင်းရန် သင့်လျော်ကြောင်း တင်ပြချက်ပေါ်မှာ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ထောက်ခံပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ဥပဒေကြမ်းရဲ့ အပိုဒ် ၁၀ အပိုဒ်ခွဲ(ဆ)နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီနှင့် မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းတို့က ပြင်ဆင် ချက်အဆို တင်သွင်းထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ ပိုမိုရှင်းလင်းစေရန်အတွက် ဥပဒေ ကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အဆိုကို ကျွန်တော်ဖတ်ကြားပေးပါမယ်။ ငြိမ်းချမ်းစွာစီတန်းလှည့်လည် ခြင်းပြုရာတွင် ပြင်ဆင်ထားတဲ့ပြင်ဆင်ချက်က ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခြင်းပြုရာတွင် လက်ကိုင် အသံချဲ့စက်မှအပ အခြားအသံချဲ့စက်များ အသုံးပြုခြင်းသော်လည်းကောင်း၊ အသိပေးတင်ပြထား သော ကြွေးကြော်သံများမှအပ အခြားကြွေးကြော်ခြင်းနှင့် အော်ဟစ်ခြင်းသော်လည်းကောင်း မပြုလုပ် ရဖြစ်ပါတယ်။ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းရဲ့ ပြင်ဆင်ရန် တင်ပြချက်ကတော့ ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခြင်းပြုရာတွင် အသိပေးတင်ပြထားသော ကြွေးကြော်သံများမှအပ အခြားကြွေးကြော်သံ

များကို အော်ဟစ်ခြင်းမပြုလုပ်ရဆိုတဲ့ ပြင်ဆင်ချက်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို မူတည်ပြီးတော့ မဲခွဲဆုံးဖြတ်ပါ့မယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်ပါ့မယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို ကန့်ကွက်မဲများလျှင် မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါ့မယ်။ ယခုဆွေးနွေးတဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့ နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၄၀ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၃၆ မဲနဲ့ ကြားနေဆန္ဒမဲပေါင်း ၁၀ မဲတို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၁၀ အပိုဒ်ခွဲ(ဆ)သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းအဖြစ် အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၁၀ အပိုဒ်ခွဲ(ဇ)နှင့်စပ်လျဉ်းပြီး အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ကျွန်တော်တို့ သဘောတူထားပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်မှာ လူသားအချင်းချင်းမတူကွဲပြားမှုကြောင့် ခွဲခြားနှိမ့်ချခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းစေချင်တို့ကို ရည်ရွယ်သော အပြုအမူအပြောအဆိုတို့ကို မပြုလုပ်ရဟုဖြစ်ပါတယ်။ ဒီအဆိုပြုထားတဲ့အချက်မှာကတော့ လူသားအချင်းချင်းခွဲခြားနှိမ့်ချတာ၊ ဂုဏ်သိက္ခာညှိုးနွမ်းအောင် ပြောဆိုတဲ့အချက်များကို ကျွန်တော်တို့ တားမြစ်ထားတာဖြစ်ပါတယ်။ ထိုသို့မတားမြစ်ပါကလည်း တစ်ဖက်နှင့်တစ်ဖက် ဆူပူမှုများဖြစ်လာပြီးတော့ ငြိမ်းချမ်းစွာစုဝေးခြင်း၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းများရဲ့ ရည်ရွယ်ချက်များ၊ အနှစ်သာရများ ပျောက်ကွယ်သွားမှာစိုးတဲ့အတွက် ဖြစ်ကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၀ အပိုဒ်ခွဲ(ဇ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ကိုဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက လူသားအချင်းချင်းမတူကွဲပြားမှုကြောင့် ခွဲခြားနှိမ့်ချခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းစေချင်တို့ကို ရည်ရွယ်သောအပြုအမူအပြောအဆိုတို့ကို မလုပ်ရလို့ တင်သွင်းပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒီလူသားအချင်းချင်းဆိုတဲ့ဟာက ယေဘုယျဆန်တယ်။ တိကျမှုမရှိလို့ မြင်တဲ့အတွက်နဲ့ လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ယဉ်ကျေးမှုမတူကွဲပြားခြင်းကြောင့်ဆိုတဲ့စကားကို ကျွန်တော် ဥပဒေကြမ်းကော်မတီနဲ့ ညှိနှိုင်းတဲ့အခါမှာ ပြောခဲ့ပါတယ်။ ဒါပေမဲ့ ဥပဒေကြမ်းကော်မတီက အဲဒီ လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ယဉ်ကျေးမှုတင်မကဘူး လူတန်စားဆင်းရဲချမ်းသာကွာဟမှုနိမ့်မြင့်လိုက်ပြီးတော့လည်း ခွဲခြားဆက်ဆံနိုင်တယ်ဆိုတဲ့အကြောင်းပြချက်ကို သူတို့က ပြောခဲ့ပါတယ်။ အဲဒါကြောင့်လည်း ကျွန်တော်က အဲဒီကတည်းကပဲ အဲဒါကို လက်ခံသဘောတူခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အခုအချိန်မှာ ကျွန်တော့်အဆိုပြင်ဆင်ချက်ကို ပြန်လည်ရုပ်သိမ်းပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်းပဲ ကျွန်တော့်အနေနဲ့ ထောက်ခံပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေကြမ်း အပိုဒ် ၁၀ အပိုဒ်ခွဲ(ဇ)နှင့်ပတ်သက်ပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက တင်သွင်းတဲ့ စကားရပ်ထဲမှာ လူသား အချင်းချင်း မတူကွဲပြားမှုကြောင့် ဟူသော ဒီစကားရပ်ဟာ လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ယဉ်ကျေးမှုသာမကဘဲနဲ့ အခြားသော မတူကွဲပြားမှုတွေကိုလည်း လွှမ်းခြုံနိုင်တဲ့ စကားရပ်ဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်တင်ပြချက်အတိုင်း ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့လည်း သဘော တူပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ အပိုဒ် ၁၀ အပိုဒ်ခွဲ(ဇ)နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း သဘောတူမှုကို မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းကလည်း ပြန်လည်ပြီးတော့ သဘော တူခဲ့ပါတယ်။ ထို့အတူ ပြည်ထဲရေးဝန်ကြီးဌာနကလည်း ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို သဘောတူခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီ အပိုဒ် ၁၀ အပိုဒ်ခွဲ(ဇ)နှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့

အတည်ပြုချက်အတိုင်း ဤဥပဒေကြမ်းရဲ့အစိတ်အပိုင်းဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတာရှိသလား။ ရှိရင်ပြော။ ဘာပြောချင်သလဲ။ ရှိသလား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အပိုဒ် ၁၀ အပိုဒ်ခွဲ(ဇ)သည် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်ချက် အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို မူလ အဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက် များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ် များကိုလည်း တစ်ပါတည်းအတည်ပြုချက် ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသား လွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ပေးပို့လာတဲ့ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ရပ်နားကြောင်း နှင့် အစည်းအဝေး (၂၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ သြဂုတ်လ ၂၆ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ၁၁း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**